# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# တတိယနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | နိုင်ငံခြားခရီးသွားလာမှု ကန့်သတ်ထားသည့်ဒေသများတွင် ဖြေလျှော့မှုများပြုလုပ်ခြင်း၊ အခွင့်အလမ်း များဖော်ဆောင်ပေးခြင်းဖြင့် ဖြေလျှော့ပေးလျက်ရှိသည်များကို ဌာနဆိုင်ရာများသို့ တရားဝင် ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ သတင်းမီဒီယာများတွင် ကြေညာမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည့်ဒေသများ၏ ခရီးသွားစီးပွားရေးကဏ္ဍ မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | တောင်ကြီးမြို့နယ်ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းကို မည်သည့်အတွက်ကြောင့် ရပ်ဆိုင်းထားရသည်၊ ရေ့အနာဂတ်တွင် တိုင်းပြည်အတွက် ဆုံးရှုံးမှုမရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်မည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၇ | မြန်မာနိုင်ငံ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများအဖြစ် JIS ကို ကိုးကား၍ မြန်မာနိုင်ငံ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်တို့နှင့် ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၈ | မင်းလှမြို့နယ်အတွင်းရှိ ပြည်ထဲရေးအမည်မပေါက်သေးသော မစိုးရိမ်ကျေးရွာ၊ စိန်သာယာကျေးရွာ၊ ဟိုင်းယုကျေးရွာ၊ ကြာပင်အိုင်ကျေးရွာ၊ အောင်ဆန်းမြိုင်ကျေးရွာ၊ ကြံတိုင်းအောင်ကျေးရွာ၊ သီဟိုဠ်မြိုင် ကျေးရွာ၊ ရွာသာယာကျေးရွာ(လက်ဆက်အုပ်စု)၊ ချမ်းမြေ့သာယာကျေးရွာ၊ ရွာသာယာကျေးရွာ | ၂၆ |

(ဝက်လုကြီးအုပ်စု)၊ ကျွန်းကုန်းကျေးရွာများအား ပြည်ထဲရေးအမည်ပေါက်
အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

၉ မြစ်သဲကျောက် ထုတ်ယူခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ စည်းကမ်းဖောက်ဖျက်ခြင်းများအား အရေးယူရာတွင် မော်တော်သားများသာမက တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် မော်တော်ပိုင်၊ ကျောက် လုပ်ငန်းဥက္ကဋ္ဌများကိုပါ စီမံခန့်ခွဲမှုနည်းလမ်း၊ ဥပဒေကြောင်းများနှင့်အရေးယူရန် အစီအစဉ်ရှိ/မရှိနှင့် လုပ်ပိုင်ခွင့်အလွဲသုံးစားလုပ်သော ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များအား အရေးယူရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း ၃၂

၁၀ မြေပုံမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် မြောက်ဦးခရိုင် စီမံခန့်ခွဲရေး ကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တိုက်ရိုက်ဝင်ရောက်၍ အုပ်ချုပ်ရေးမှူးအား တာဝန်မှ ရပ်စဲခြင်း၊ ခန့်အပ်ခြင်းတို့ပြုလုပ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၄၀

၁၁ ကော့သောင်းမြို့တွင် အိမ်ရာမြေကွက်များကို စီမံကိန်းဖြင့် ဖော်ဆောင်နေသူများသည် မိမိတို့ ဖော်ဆောင်နေသည့် အိမ်ရာမြေကွက်များကို မည်သည့်ကာလတွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၄၈

၁၂ ဦးဘိုကြီး၊ ချောက်မဲဆန္ဒနယ်ကစက်မှုဝန်ကြီးဌာန၏ နိုင်ငံတော်ပိုင်စက်ရုံများမှ နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပြုလုပ်လိုသည့်စက်ရုံ၊ ပုဂ္ဂလိကပူးပေါင်းထားပြီးစက်ရုံ၊ စက်မှုနယ်မြေနှင့် လတ်တလော ရပ်ဆိုင်းထားသော စက်ရုံများအား ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်အတွက် အမြန်ဆုံးအကျိုးရှိအောင် ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့် အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၅၁

၁၃ ဦးဘိုကြီး၊ ချောက်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ၅၇

၁၄ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်းကို တင်သွင်းခြင်း ၅၇

| | | |
|---|---|---|
| ၁၅ | မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း | ၅၉ |
| ၁၆ | ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း | ၆၈ |
| ၁၇ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၉ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၂၃-၇-၂၀၁၉ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **နိုင်ငံခြားသားခရီးသွားလာမှု ကန့်သတ်ထားသည့်ဒေသများတွင် ဖြေလျှော့မှုများပြုလုပ်ခြင်း၊ အခွင့်အလမ်းများဖော်ဆောင်ပေးခြင်းဖြင့် ဖြေလျှော့ပေးလျက်ရှိသည် များကို ဌာနဆိုင်ရာများသို့ တရားဝင်ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ သတင်းမီဒီယာများတွင် ကြေညာမှုများဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှု နောက်ကျလျက်ရှိသည့်ဒေသများ၏ ခရီးသွားစီးပွားရေးကဏ္ဍ မြှင့်တင် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၏ **တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းကို မည်သည့်အတွက်ကြောင့်**

**ရပ်ဆိုင်းထားရသည်၊ ရှေ့အနာဂတ်တွင် တိုင်းပြည်အတွက် ဆုံးရှုံးမှု မရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်မည်တို့ကိုသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံ သံနှင့် သံမဏိ ပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများအဖြစ် JISကို ကိုးကား၍ မြန်မာနိုင်ငံ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်တို့နှင့် ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်း ကျင့်သုံးရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **မင်းလှမြို့နယ်အတွင်းရှိ ပြည်ထဲရေးအမည်မပေါက်သေးသော မစိုးရိမ်ကျေးရွာ၊ စိန်သာယာ ကျေးရွာ၊ ဟိုင်းယုကျေးရွာ၊ ကြာပင်အိုင်ကျေးရွာ၊ အောင်ဆန်းမြိုင် ကျေးရွာ၊ ကြံတိုင်းအောင်ကျေးရွာ၊ သီဟိုဠ်မြိုင်ကျေးရွာ၊ ရွာသာယာ ကျေးရွာ(လက်ဆက်အုပ်စု)၊ ချမ်းမြေ့သာယာကျေးရွာ၊ ရွာသာယာ ကျေးရွာ(ဝက်လှကြီးအုပ်စု)၊ ကျွန်းကုန်းကျေးရွာများအား ပြည်ထဲရေး အမည်ပေါက်အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒေါက်တာဦးထွန်းလင်းမော်၊ ကြံခင်း မဲဆန္ဒနယ်၏ **မြစ်သဲကျောက် ထုတ်ယူခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ စည်းကမ်းဖောက်ဖျက်ခြင်း များအား အရေးယူရာတွင် မော်တော်သားများသာမက တာဝန်ခံမှု တာဝန်ယူမှုတို့ဖြင့် မော်တော်ပိုင်၊ ကျောက်လုပ်ငန်း ဥက္ကဋ္ဌများကိုပါ စီမံခန့်ခွဲမှု နည်းလမ်း၊ ဥပဒေကြောင်းများနှင့် အရေးယူရန် အစီအစဉ် ရှိ၊ မရှိနှင့် လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်သော ဒေသန္တရအုပ်ချုပ်ရေး အာဏာပိုင်များအား အရေးယူရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မြေပုံမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် မြောက်ဦးခရိုင် စီမံခန့်ခွဲရေးကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တိုက်ရိုက်ဝင်ရောက်၍ အုပ်ချုပ်ရေးမှူးအား တာဝန်မှ ရပ်စဲခြင်း၊ ခန့်အပ်ခြင်းတို့ပြုလုပ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခင်ဇော်၊ ကော့သောင်း မဲဆန္ဒနယ်၏ **ကော့သောင်းမြို့တွင် အိမ်ရာမြေကွက်များကို စီမံကိန်းဖြင့် ဖော်ဆောင်နေသူများသည် မိမိတို့ ဖော်ဆောင်နေသည့် အိမ်ရာမြေကွက်များကို မည့်သည့်ကာလတွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်က **“စက်မှုဝန်ကြီးဌာန၏ နိုင်ငံတော်ပိုင်စက်ရုံများမှ နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပိုင် ပြုလုပ်လိုသည့် စက်ရုံ၊ ပုဂ္ဂလိကပူးပေါင်းထားပြီး စက်ရုံ၊ စက်မှုနယ်မြေနှင့် လတ်တလောရပ်ဆိုင်းထားသော စက်ရုံများအား ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်အတွက် အမြန်ဆုံး အကျိုးရှိအောင် ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က **"မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၀။ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ က တင်သွင်းသည့် **"မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# တတိယနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၀၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၇၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၆ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(ၾ)	ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁၁ ရက်၊

(၂)	လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၆ ရက်၊

(၃)	ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၄ ရက်၊

(၄)	ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၅)	ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၄ ရက်၊

(၆)	လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၄ ရက်၊

(၇)	တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၄ ရက်၊

(၈)	အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၁ ရက်၊

(၉)	ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၃ ရက်၊

(၁၀)	ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊

(၁၁)	ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၂)	ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၄ ရက်၊

(၁၃)	ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၄ ရက်၊

(၁၄)	ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၃ ရက်၊

(၁၅)	ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ခွင့် ၃ ရက်၊

(၁၆)	သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၁၇)	ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၂ ရက်၊

(၁၈)	လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်၊

(၁၉)	အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊

(၂၀)	မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၂၁)	ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ခွင့် ၁ ရက်နှင့်

(၂၂) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၂ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံခြားခရီးသွားလာမှု ကန့်သတ်ထားသည့်ဒေသများတွင် ဖြေလျှော့မှုများပြုလုပ်ခြင်း၊ အခွင့်အလမ်းများဖော်ဆောင်ပေးခြင်းဖြင့် ဖြေလျှော့ပေးလျက်ရှိသည်များကို ဌာနဆိုင်ရာများသို့ တရားဝင်ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ သတင်းမီဒီယာများတွင် ကြော်ငြာမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိသည့်ဒေသများ၏ ခရီးသွားစီးပွားရေးကဏ္ဍ မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီနေ့မေးမယ့်မေးခွန်းကတော့ နိုင်ငံခြားသားခရီးသွားလာမှု ကန့်သတ်ထားတဲ့ဒေသများမှာ ဖြေလျှော့မှုများပြုလုပ်ခြင်းဖြင့် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ ဖြေလျှော့မှုများပြုလုပ် ဆောင်ရွက်ပေးပြီးတော့မှ ထိုသို့ဖြေလျှော့ပေးလျက်ရှိသည်များကို ဌာနဆိုင်ရာများသို့ တရားဝင်ညွှန်ကြားချက်ထုတ်ပြန်ခြင်း၊ သတင်းမီဒီယာများတွင် ကြော်ငြာမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိတဲ့ဒေသများရဲ့ ခရီးသွားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်လို့ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ခရီးသွားလုပ်ငန်းဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးကိုအဓိက မောင်းနှင်တွန်းအားပေးမည့် ကဏ္ဍကြီးဖြစ်လာမယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ အစီရင်ခံစာအရ ခန့်မှန်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံကို နိုင်ငံခြားခရီးသွားများဝင်ရောက်မှုနှုန်းဟာ ၂၀၁၅ ခုနှစ်မှာ ၄.၆ သန်း၊ ၂၀၁၆ မှာ ၂.၉ သန်း၊ ၂၀၁၇ ခုနှစ်မှာ ၃.၅၅ သန်းနှင့် ၂၀၁၈ ခုနှစ်မှာ ၃.၅၅ သန်းအထိ ဝင်ရောက်လာတာဖြစ်လို့ ၂၀၁၆ ခုနှစ်ကနေပြီးတော့ ကျဆင်းထားတဲ့ ခရီးသွားမှုနှုန်းဟာ နှစ်စဉ် ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်အထိနှစ်စဉ်ပြန်လည်တိုးတက်လာတာကို ကိန်းဂဏန်းတွေအရ သိရှိရပါတယ်။ ဒါပေမဲ့လည်းပဲ အိမ်နီးချင်းအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်မယ်ဆိုရင် ကျွန်တော်တို့ အများကြီး နောက်ကျနေပါသေးတယ်။ နောက်ခရီးသွားဝင်ရောက်မှုနှုန်းဟာ အာဆီယံနိုင်ငံတွေထဲမှာ ရှိတဲ့ ထိုင်းနိုင်ငံမှာဆိုရင် ၃၈.၁၅ သန်း၊ မလေးရှားနိုင်ငံမှာဆိုရင် ၂၃.၇၇ သန်း၊ ကမ္ဘောဒီးယားနိုင်ငံမှာ

ဆိုရင် ၆.၄၃ သန်း စသဖြင့် ရှိကြတာကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကိုအဆင့်မြှင့်တင်ပေးဖို့ Promotion လုပ်ဖို့များစွာလိုအပ်နေသေးတာ ထင်ရှားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ သမိုင်းဝင်သည့်နှင့်အမျှ သဘာဝရေမြေတောတောင်အလှအပများ ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ ဒီအရာတွေနှင့် ကျွန်တော်တို့ခရီးသွားလုပ်ငန်းလုပ်ဆောင်ပြီးတော့မှ နိုင်ငံခြားဝင်ငွေရရှိစေနိုင်မည့် အခွင့်အလမ်းကောင်းတွေ ဆောင်ရွက်လို့ရနိုင်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ရွှေကျင်မြို့နယ်တို့၊ ကျောက်ကြီးမြို့နယ်တို့လိုမျိုးအရင်တုန်းက လက်နက်ကိုင်ပဋိပက္ခတွေ ခံစားခဲ့ရတဲ့ဒေသတွေမှာ ခရီးသွားလုပ်ငန်းမဖော်ဆောင်နိုင်ရသေးတဲ့အတွက် သဘာဝအလှပေါကြွယ်ဝတာတွေ၊ သမိုင်းအမွေအနှစ်တွေဟာ အလဟဿဖြစ်နေရတဲ့အနေအထားမျိုးလေးတွေလည်း တွေ့ရှိရပါတယ်ခင်ဗျား။ နိုင်ငံခြားသားခရီးသွားလာမှုကိုလည်းဒီဒေသတွေမှာ ကန့်သတ်ထားတာကလည်း အတားအဆီးတစ်ခုဖြစ်နေပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

ကျွန်တော်တို့ ရွှေကျင်မြို့နယ်က သီတင်းကျွတ်မီးထွန်းပွဲကိုကျင်းပလာတာဟာ ၁၆၇ ကြိမ်မြောက်ရှိပါပြီ။ ဒါကလည်း သီတင်းကျွတ်မီးထွန်းပွဲကို နိုင်ငံခြားသားတွေရော၊ ပြည်တွင်းကပါ စိတ်ဝင်တစားနဲ့လာရောက်အားပေးကြတယ်။ သို့သော် နိုင်ငံခြားခရီးသွားလာမှုကို ကန့်သတ်ထားတဲ့အတွက်ဒီဟာတွေကိုတွင်ကျယ်သင့်သလောက်မတွင်ကျယ်ဘူးဖြစ်နေပါတယ်။ ဒီမြို့ဟောင်းဟာဆိုရင်တော့ကျောက်မှော်မြို့ဟောင်းဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့ရဲ့မြောက်ဘက် ၂၄ မိုင်အကွာမှာတည်ရှိပြီးတော့ ဟံသာဝတီ ၃၂ မြို့အဝင်မြို့ဖြစ်ပါတယ်။ ကုန်းဘောင်ခေတ်တုန်းကတော့ မြို့သူကြီးအဆက်ဆက်ထားရှိပါတယ်။ ကျောက်မှော်မြို့စားဆိုပြီးတော့မှ ရှိပါတယ်။ အဲဒီမှာမှ ကျောက်မှော်မြို့စားမိဖုရားကတော့ သာယာဝတီမင်းရဲ့ မိဖုရားဖြစ်ပြီး မင်းတုန်းမင်းနဲ့ ကနောင်မင်းသားတို့ရဲ့မိခင်ဖြစ်ပါတယ်။ ဒါကလည်းကျောက်မှော်မြို့ဟောင်း ဖြစ်ပါတယ်။ ပြုပြင်ထိန်သိမ်းတာကတော့ဒေသခံတွေ ကိုယ့်အစီအစဉ်နှင့်လုပ်ဆောင်နေရတဲ့ အနေအထားကို ဖော်ပြတာဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ပညာရှင်များခန့်မှန်းချက်အရ ဘန်းမြို့ဟောင်း(ပျူခေတ်)ပေါ့။ ဒီမြို့ဟာဆိုလို့ရှိရင် ရွှေကျင်မြို့တောင်ဘက် ၁၅ မိုင်ခန့်အကွာ အရှေ့ရိုးမတောင်ပေါ်တွင်တည်ရှိပြီးတော့ ကွင်းဆက်ကျေးရွာမှာရှိပါတယ်။ ရှေးအခါက ဘန်းမြို့ဟောင်းဟုခေါ်တွင်ပြီး မြို့ရိုးပျက်တွေလည်း အခုထက်ထိရှိပါတယ်။ ဘန်းမြို့ဟောင်းဟာ ပျူလူမျိုးများနေထိုင်ခဲ့ရာ မြို့ဖြစ်တယ်လို့ခန့်မှန်း

ကြပြီးတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀၀ ကျော်ကလို့ ခန့်မှန်းကြပြီးတော့မှ ပျူလူမျိုးများကိုင်ဆောင်ခဲ့တဲ့ ကျောက်လက်နက်တွေ ရှေးဟောင်းပစ္စည်းများလည်း ဒေသခံတွေ တူးဖော်တွေ့ရှိထားတာကို တွေ့ရပါတယ်။ ဒါကတော့ ပဲခူးကမ္ဘောဇသာဒီနန်းတော်ကြီးမှာ ထိန်းသိမ်းထားတဲ့ ပျူခေတ်ကျောက်စာ၊ ကွင်းစိတ်ကျောက်စာဖြစ်ပါတယ်။ ဒါကအုတ်ခွက်ဘုရားပါ။ ဒါကတော့ ရှေ့ခေတ်လက်ရာတွေပါ။ ဒါကတော့ ရွှေကျင်မြို့ဟာ ကိုလိုနီခေတ်တုန်းက အစိုးရရုံးစိုက်တဲ့မြို့ဖြစ်ခဲ့တဲ့အတွက်ကို အစိုးရအရာရှိကြီးတွေ သင်္ဂြိုဟ်ခဲ့တဲ့ ဂူသင်္ချိုင်းနေရာတွေပေါ့။ ဒါတွေကလည်း ကျွန်တော်တို့ အနောက်နိုင်ငံခရီးသွားတွေအတွက်လည်း ဖွံ့ဖြိုးမှုတစ်ရပ်ဖြစ်လာမယ်လို့ ခန့်မှန်းထားတဲ့အတွက် ဒီဟာကိုလည်းထိန်းသိမ်းဖို့အတွက်ကိုများစွာ လိုအပ်နေသေးတာကို ဖော်ပြလိုခြင်းဖြစ်ပါတယ်။ ဒါကရွှေကျင်နဲ့ကျောက်ကြီးလိုဒေသပေါ့။ ဒီဒေသတွေဟာ အပြစ်အခတ်ရပ်စဲထားတဲ့ဒေသတွေဖြစ်ပါပြီ။ အေးချမ်းနေပါပြီ။ သို့သော်ငြားလည်းပဲ ခရီးသွားလာမှုက များစွာအဆင့်မြှင့်ဖို့ လိုအပ်နေသေးတဲ့အတွက် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ကျွန်တော် ဟိုတယ်နှင့်ခရီးသွားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်မှ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ အဆိုပါမေးခွန်းကို ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နှင့်ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်တွင်း/ပြည်ပအခြေစိုက်နိုင်ငံခြားသံအမတ်များ၊ သံရုံးအရာထမ်း/အမှုထမ်းများ၊ မိသားစုဝင်များ၊ ဒေသန္တရခန့်ဝန်ထမ်းများနှင့် နိုင်ငံခြားသားများရဲ့ ပြည်တွင်းခရီးစဉ်သွားလာလိုမှုများနှင့် စပ်လျဉ်းပြီးတော့မှ စိစစ်ခွင့်ပြုနိုင်ရေးအတွက် လုံခြုံရေးကန့်သတ်ချက်ရှိတဲ့ နယ်မြေစာရင်းတွေကို ပြည်ထဲရေးဝန်ကြီးဌာနကလည်းကောင်း၊ ထပ်မံကန့်သတ်သင့်တဲ့ နယ်မြေဒေသများရဲ့စာရင်းအားလည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကလည်းကောင်း သတ်မှတ်ထုတ်ပြန်ထားချက်များနှင့်အညီ ခရီးသည်များကို စိစစ်ခွင့်ပြုလျက်ရှိပါတယ်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနဟာ နိုင်ငံခြားဧည့်သည်များ သွားရောက်လည်ပတ်နိုင်ရန်အတွက်

လိုင်စင်ရ ခရီးသွားကုမ္ပဏီများက တင်ပြလာတဲ့ ခရီးစဉ်များမှာ နိုင်ငံတကာဝင်ပေါက်၊ ထွက်ပေါက်အဖြစ် သတ်မှတ်ခွင့်ပြုထားခြင်းမရှိတဲ့ နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်ခွင့်၊ ထွက်ခွာခွင့်ပါရှိပါက အဆိုပါခရီးစဉ်များ လည်ပတ်ခွင့်ရရှိနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတကာဝင်ပေါက်၊ ထွက်ပေါက်များမှ ဝင်ရောက်လည်ပတ်မည့်ခရီးစဉ်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနများသို့ အကြောင်းကြားဆောင်ရွက်ပေးလျက်ရှိပါတယ်။ အချို့သော တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေနဲ့ မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှာ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း၊ ပြည်ပဧည့်သည်များ လွတ်လပ်စွာ အလွယ်တကူ သွားရောက်လည်ပတ်နိုင်ရေးအတွက် လုံခြုံရေးအရ ခွင့်ပြုချက်တောင်းခံရန် သတ်မှတ်ထားရှိတဲ့ နယ်မြေများအား ကန့်သတ်နယ်မြေအဖြစ်မှ ဖြေလျှော့ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများရဲ့ သဘောထားကို တောင်းခံပြီးတော့မှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြတောင်းခံခြင်းများရှိပြီးတော့မှ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဖြေလျှော့ဆောင်ရွက်ပေးခဲ့ခြင်းများလည်း ရှိပါတယ်။

အဆိုပါကန့်သတ်နယ်မြေဖြေလျှော့ပေးမှုများအတွက် သက်ဆိုင်ရာဌာနများမှ ဆုံးဖြတ်ချက်၊ ခွင့်ပြုချက်များထွက်ရှိလာလို့ရှိရင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှတစ်ဆင့် ခရီးသွားကုမ္ပဏီများသို့ ဆက်လက်အသိပေးအကြောင်းကြားလျက်ရှိပြီးတော့မှ ဝန်ကြီးဌာနရဲ့ Website ဖြစ်တဲ့ www.tourism.gov.mm နှင့် Facebook များမှာလည်း အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ကနေ ပေးပို့လာတဲ့ တားမြစ်ကန့်သတ်ထားတဲ့နေရာဒေသများကို ခွင့်ပြုချက်နှင့် သွားရောက်နိုင်ရေး၊ သွားရောက်နိုင်တဲ့နေရာများမှာ သတ်မှတ်ချက်များနှင့်အညီ ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ၊ (ပြည်တွင်း/ပြည်ပမှ မှတ်တမ်းတင်ရုပ်ရှင်၊ Video ရိုက်ကူးမှုများ၊ ရုပ်ရှင်ဇာတ်လမ်းရိုက်ကူးမှုများ၊ ခရီးသွားလာမှုမြှင့်တင်ရေးမှတ်တမ်းဆိုင်ရာရိုက်ကူးမှုများ) စသည်တို့အတွက် လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းပြီးတော့မှ အဆင်ပြေ

ချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားလာပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိတဲ့ ဒေသများအပါအဝင် မြန်မာနိုင်ငံခရီးသွားကဏ္ဍဖွံ့ဖြိုးရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ်တဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများ၊ Website များမှာလည်း ခရီးသွားလာမှုဆိုင်ရာ အချက်အလက်များကို သက်ဆိုင်ရာဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ပုဂ္ဂလိကဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအပါအဝင် အခြားသောဆက်စပ်အဖွဲ့အစည်းများမှ ရရှိတဲ့ သတင်းအချက်အလက်များကို ဖော်ပြပေးလျက်ရှိတဲ့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံး သွားလာသင့်တဲ့နေရာများကိုလည်း ခရီးသွားအစီအစဉ်တစ်ခုအဖြစ် စီစဉ်တင်ဆင်ပေးလျက်ရှိပါကြောင်းနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် အစဉ်အမြဲ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားလာပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ၎င်းတို့တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအလားအလာကောင်းမွန်ပြီး ခရီးသည်များအတွက် လုံခြုံရေးအာမခံနိုင်တဲ့ဒေသများသို့ လည်ပတ်ခွင့်ပြုနိုင်ရေးအတွက် တင်ပြလာသောကြောင့် စိစစ်ပြီးဖြေလျှော့ပေးလျက်ရှိသည်များကို မိမိတို့ရဲ့ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှလည်း အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်အသိပေးလျက်ရှိပါကြောင်းနှင့် ယခုအခါမှာ အသစ်ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ(၂၀၁၈)အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးမှာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများ ဖွဲ့စည်းပေးပြီးဖြစ်ပါတယ်။ အဲဒီကော်မတီအနေနှင့်လည်း မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးမှုနောက်ကျလျက်ရှိတဲ့ ဒေသများအတွင်းမှာ ခရီးသွားစီးပွားရေးကဏ္ဍမြင့်တင်ပေးရန်အတွက် ခရီးသည်များလုံခြုံစိတ်ချစွာဖြင့် လည်ပတ်နိုင်မည့် ခရီးစဉ်ဒေသများကို ညှိနှိုင်းဖော်ထုတ်တင်ပြသင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ဖြေကြားပေးတဲ့ဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ လွှတ်တော်ထဲကနေပဲ ပြည့်ပြည့်စုံစုံလည်း ဖြေသွားပြီးပါပြီ။ အဲဒီထဲမှာမှ ပိုပြီးရှင်းလင်းစေချင်တဲ့အတွက် ကျွန်တော့်ကို ဆက်စပ်မေးခွန်း မေးခွင့် ပြုပါခင်ဗျား။ နံပါတ် (၁) အချက်အနေနဲ့ကတော့ ကျွန်တော်မေးတဲ့မေးခွန်းထဲမှာက ခုနပြောသလို ရွှေကျင်တို့၊ ကျောက်ကြီးတို့

ဒီဒေသတွေဟာ အရင်တုန်းကတော့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ ပဋိပက္ခဖြစ်ခဲ့တဲ့ဒေသဖြစ်တဲ့အတွက်ကို နိုင်ငံခြားသားခရီးသွားလာမှုကို ကန့်သတ်ထားတဲ့ဒေသတွေဖြစ်တယ်။ အခုနောက်ပိုင်းမှာတော့ NCA လက်မှတ်ထိုးထားတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်နေတဲ့ဒေသဖြစ်တယ်။ နှစ်ဖက်လည်းသွားလာနေတဲ့အနေအထားမျိုးမှာ ဒီလိုအခြေအနေရောက်ပြီဆိုလို့ရှိရင် ဖြစ်တဲ့အတွက်ကို နိုင်ငံတော်အနေနဲ့ကရော ခရီးသွားလာမှုကန့်သတ်ထားတဲ့ နိုင်ငံခြားသား ခရီးသွားလာမှုတွေကို ဖြေလျှော့ထားပြီးသွားပြီလား။ ဖြေလျှော့ထားပြီးသွားပြီဆိုလို့ရှိရင်လည်း ခုနကဝန်ကြီးပြောတဲ့ထဲမှာတော့ ကော်မတီဖွဲ့ထားတာပါတယ်။ အဲဒါဆို ကော်မတီဖွဲ့တာကတစ်ပိုင်း။ လောလောဆယ်မှာကတော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ရွှေကျင်လို၊ ကျောက်ကြီးလိုဒေသမျိုးတွေမှာ နိုင်ငံခြားခရီးသွားလာမှုတွေကို ဖြေလျှော့ပေးလိုက်ပြီလားဆိုတာကို ကျွန်တော်ရှင်းရှင်းလင်းလင်း သိချင်ပါတယ်။ အဲဒီလို ဖြေလျှော့လိုက်ပြီးပြီဆိုလို့ရှိရင်လည်း ကျွန်တော်တို့အနေနဲ့က ယေဘုယျအားဖြင့်ထုတ်ပြန်လိုက်ပြီဆိုတာမျိုးမဟုတ်ဘဲနဲ့ သက်ဆိုင်ရာမြို့နယ်မှာ အောက်ခြေမြို့နယ်ကို ညွှန်ကြားချက်နဲ့သေချာညွှန်ကြားဖို့ အစီအစဉ်ရှိ/မရှိကို သိချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့မြို့နယ်တွေမှာက သီတင်းစာထဲမှာပါလာသည့်တိုင်အောင်တောင်မှ သူ့ရုံးထဲကို ညွှန်ကြားချက်မရောက်လာလို့ရှိရင် ဘာမှလုပ်လို့မရဘူးဆိုတဲ့ အခက်အခဲမျိုးလေးတွေကြုံတွေ့ရတာ မျိုးတွေရှိပါတယ်။ အဲဒီအတွက်ကို အဲလိုညွှန်ကြားချက်မျိုးရှိခဲ့မယ်ဆိုလို့ရှိရင် သက်ဆိုင်ရာမြို့နယ်ကို ထိထိရောက်ရောက်ညွှန်ကြားဖို့များ အစီအစဉ်ရှိပါသလားဆိုတဲ့ အချက်နှစ်ချက်ကို ဆက်စပ်မေးခွန်းအနေနဲ့ ကျွန်တော်မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ ခုနကကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ကိစ္စနှင့်ပတ်သက်လို့ ကျွန်တော် ခုနကဖြေကြားတဲ့ထဲမှာ ပါသွားပြီးပါပြီခင်ဗျား။ ပထမ ပြည်တွင်းခရီးစဉ်သွားလာလိုမှုများနှင့်စပ်လျဉ်းပြီးမှ စိစစ်ခွင့်ပြုနိုင်ဖို့အတွက်လုံခြုံရေးကန့်သတ်ချက်ရှိတဲ့နယ်မြေစာရင်းတွေကို ပြည်ထဲရေးဝန်ကြီးဌာနက သတ်မှတ်ထားပါတယ်။ ထပ်မံကန့်သတ်သင့်တဲ့နယ်မြေ ဒေသများရဲ့စာရင်းကိုလည်း ကာကွယ်ရေးဦးစီးချုပ်ရုံးက သတ်မှတ်ထုတ်ပြန်ချက်များနှင့်အညီ ကျွန်တော်တို့ခရီးစဉ်များကို စိစစ်ခွင့်ပြုလျက်ရှိပါတယ်။ တစ်ပြိုင်နက်

တည်းမှာပဲ ကျွန်တော်တို့ ခုနေအခါမှာ ၂၀၁၈ ခုနှစ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေအရ နေပြည်တော်ကောင်စီနဲ့ တိုင်းဒေသကြီးများနဲ့ ပြည်နယ်ဒေသအားလုံးများမှာ ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပေးပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဒေသတွေမှာ ခရီးစဉ်ဒေသသစ် တွေကို ဖော်ဆောင်ချင်တယ်ဆိုလို့ရှိရင် အဲဒီမှာရှိတဲ့ကော်မတီထဲမှာ လုပ်ငန်းရှင်တွေကိုလည်း ထည့်ထားပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းရှင်တွေကနေပြီးတော့မှ တစ်ဆင့်ကော်မတီကို တင်ပြလို့ရှိရင် ကော်မတီက သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရကို တင်ပြပြီးတော့မှ တိုင်းဒေသကြီးအစိုးရကနေပြီးမှ ဒီကိစ္စနှင့်ပတ်သက်လို့ မေးမြန်းလာလို့ရှိရင် ကျွန်တော်တို့က သက်ဆိုင်ရာဝန်ကြီးဌာနများကို တင်ပြ ပေးပြီးတော့မှ ညှိနှိုင်းပေးနိုင်ပါတယ်။ အဲဒါကို ကျွန်တော်တို့အနေနဲ့ကတော့ အခုလောလောဆယ်မှာ ခွင့်ပြုထားတဲ့နေရာတွေကို ကျွန်တော်တို့ပေးသွားပါတယ်။ ခွင့်မပြုထားတဲ့နေရာတွေကိုတော့ ချို့ယွင်းချက် အနေနဲ့ တင်ပြလာတဲ့အခါရှိလို့ရှိရင် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းပြီးတော့မှ သွားလာခွင့် ရရှိရေးအတွက် စီစဉ်ပေးလျက်ရှိပါကြောင်း ဖြေကြားလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါပြီ။

**တောင်ကြီးမြို့နယ်ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းကို မည်သည့်အတွက်ကြောင့် ရပ်ဆိုင်းထားရသည်၊ ရှေ့အနာဂတ်တွင် တိုင်းပြည်အတွက် ဆုံးရှုံးမှုမရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်မည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပြီးတော့မှ Power Point သုံးစွဲခွင့်ပြုပါ ရန်အတွက် တင်ပြအပ်ပါတယ်။ ကျွန်တော့်ရဲ့ကြယ်ပွင့်ပြမေးခွန်းဟာ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းနဲ့ပတ်သက်ပါတယ်။ တကယ်တော့ ဒီစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့တာ MEC ဖြစ် ပါတယ်။ သမ္မတကြီးဦးသိန်းစိန်အစိုးရတက်လာပြီးတဲ့နောက် ၈-၂-၂၀၁၂ ရက်နေ့က MEC ကနေပြီး တော့မှ ဒီစီမံကိန်းကြီးကို စက်မှုဝန်ကြီးဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။ စီမံကိန်းတည်ဆောက်ရေးကို ဘတ်ဂျက်နှစ်အလိုက် ခွဲဝေရရှိတဲ့ ငွေကြေးများနဲ့ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့တာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်အထိဆိုလို့ရှိရင်တော့ စုစုပေါင်း ၉၈.၈၆ ရာခိုင်နှုန်း ပြီးစီးနေပြီ

ဖြစ်ပါတယ်။ အဲဒီစက်ရုံမှာ အလုပ်ရုံပေါင်း ၂၃ ခုပါရှိပြီးတော့မှ အလုပ်ရုံ ၁၄ ခုကတော့ ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်။ ဒါကြောင့် ပျမ်းမျှအနေနဲ့ဆိုလို့ရှိရင် ၉၈.၈၆ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ပြီးတဲ့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ဘတ်ဂျက်ခွဲဝေလျာထားပေးခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ ၁ ရာခိုင်နှုန်းကျော်ကျော်သာကျန်ရှိနေတဲ့ စီမံကိန်းကြီးဟာ ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုသလို ဖြစ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံက နှစ်စဉ် သံတန်ချိန်နှစ်သန်း တင်သွင်းနေရပါတယ်။ ပြည်တွင်းမှာ ထုတ်လုပ်မှုက မရှိသလောက်ဖြစ်ပါတယ်။ ဒီစက်ရုံပြီးလို့ရှိရင်တော့ သံတန်ချိန် Pig Iron လို့ခေါ်တဲ့ သံစိမ်းတန်ချိန်နှစ်သိန်း ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်က စက်မှုနိုင်ငံဖြစ်ဖို့ ဦးတည်ပြီးတော့မှ စက်မှုနိုင်ငံဖြစ်ဖို့ဆိုရင်တော့ သံကို ပြည်တွင်းမှာထုတ်လုပ်နိုင်ဖို့က အဓိကကျပါတယ်။ အာရှမှာ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်တို့ စက်မှုထွန်းကားတယ်ဆိုတာ သူတို့က သံကိုထုတ်လုပ်နိုင်လို့ဖြစ်ပါတယ်။ ပြဒါးသေရင်တစ်ဆွေဝ သံသေရင် တစ်ပြည်ဝဆိုတဲ့ စကားဟာလည်း အလကားနေရင်းပေါ်လာတဲ့စကားတော့မဟုတ်ပါဘူး ခင်ဗျား။ ကိုရီးယားနဲ့တရုတ်တို့မှာ Iron Ore မထွက်ပါဘူး။ ဒါပေမဲ့ Iron Ore ကို ဩစတေးလျက ဝယ်ယူပြီးတော့မှ သံမဏိတွေ ထုတ်လုပ်နေတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့မှာ ကံကောင်းတာက Iron Ore Deposit တွေရှိနေပါတယ်။ ဧရာဝတီမြစ်အထက်ပိုင်းမှာ Deposit တစ်ခု နဲ့ တောင်ကြီးအနီးက ပင်းပက်မှာ Deposit တစ်ခုရှိပါတယ်။ ပင်းပက်က Iron Ore Deposit ကို ၁၉၅၄ ခုနှစ်ကတည်းက German Company နဲ့ ပဏာမစမ်းသပ်ခဲ့ဖူးပြီးတော့မှ ကြီးမားတဲ့ သတ္တုသိုက်ဖြစ်ကြောင်း သိရှိရပါတယ်။ သံတန်ချိန်စုစုပေါင်း သန်း ၇၀ ခန့် Deposit ရှိပြီးတော့မှ နှစ် ၁၁၀ သုံးနိုင်တဲ့ Deposit ကြီးတစ်ခုဖြစ်ပါတယ်။ သံမဏိထုတ်လုပ်နိုင်တဲ့ပမာဏဖြစ်ပေမဲ့ Iron Content ကတော့ ဩစတေးလျမှာထက် နည်းပါတယ်။ ဟေမတိုက်လို့ခေါ်တဲ့ Iron Content ၅၀ ရာခိုင်နှုန်းအထက်၊ အတိအကျဆိုရင် ၅၆.၄ ရာခိုင်နှုန်းပါဝင်တာရှိပြီးတော့မှ Limonite ကတော့ Iron Content (၄၀)ရာခိုင်နှုန်းအထက် အတိအကျကတော့ ၄၂.၆ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က Blast Furnace လို့ခေါ်တဲ့နည်းနဲ့ ထုတ်လုပ်လို့ရှိရင် ထုတ်လုပ်လို့မရပါဘူး။ ဈေးလည်းကြီးပါတယ်။ ဒါကိုထုတ်လုပ်နိုင်မယ့်နည်းစနစ်ကို ကျွန်တော်တို့က လိုက်လံရှာဖွေတဲ့အခါမှာ Sanction ကလည်းရှိနေတဲ့အတွက်ကြောင့်မို့လို့ ရုရှားနိုင်ငံက Professor P.Romelt တီထွင်ထားတဲ့ Romelt Process ဆိုတာကို ထုတ်လုပ်ဖို့ ကျွန်တော်တို့ ပြီးခဲ့တဲ့အစိုးရများက ဆုံးဖြတ်ခဲ့ပြီးတော့မှ TPE Company နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ Romelt နည်းစဉ်ကတော့ ရှည်လျားပြီး အချိန်

မလုံလောက်လို့ ကျွန်တော်မတင်ပြတော့ပါဘူး။ ဒီစက်ရုံစီမံကိန်းကို နိုင်ငံတော်က ယူရို ၁၃၇ သန်းခွဲ၊ ရုရှားအစိုးရက ယူရို ၇၈ သန်းခွဲ စုစုပေါင်း ယူရို ၂၁၆ သန်းနဲ့ တည်ဆောက်ဖို့ သဘောတူညီခဲ့ပြီးမှ ရုရှားဘက်က စေတနာနဲ့ ကူညီခဲ့တာဖြစ်ပါတယ်။ အစိုးရအဖွဲ့တွေပြောင်းသွားပေမဲ့ မြန်မာဘက်က ကျခံပေးရမယ့် ယူရိုငွေကို တပ်မတော်အစိုးရက ဘဏ်မှာသီးခြားအပ်နှံထားခဲ့ပြီးတော့မှ အခုအခါမှာတော့ ယူရို ၃၁.၁၇၅ သန်းက ပေးချေပြီးဖြစ်လို့ ဘဏ်မှာ ၃.၃၂၅ သန်းကျန်ပါသေးတယ်။ စက်ရုံကို ဆက်လုပ်မယ်ဆိုလို့ရှိရင် ပေးချေရမယ့်နိုင်ငံခြားငွေကို အဲဒီပိုက်ဆံနဲ့ပေးရင် လုံလောက်ပါတယ်။ အစိုးရက ထပ်မံပြီးတော့ ကျခံဖို့မရှိဘူးဆိုတာကို တင်ပြလိုပါတယ်။ ဦးသိန်းစိန်ဦးဆောင်ခဲ့တဲ့ အစိုးရနဲ့ ဒီဘက် အစိုးရလက်ထက်မှာပေးရတာက စက်ရုံတည်ဆောက်ရေးစီမံ စရိတ်ပဲဖြစ်ပါတယ်။ နောက်ထပ် ၁၈ ဘီလီယံကျပ်သာ ကျခံလို့ရှိရင် စီမံကိန်းကလုံးဝပြီးစီးသွားမယ့် သဘောဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ Waste Heat Boiler လို့ခေါ်တဲ့ လျှပ်စစ်မဂ္ဂါဝပ် ၄၀ ထုတ်လုပ်နိုင်တဲ့စနစ်တစ်ခုပါရှိပြီးတော့မှ စက်ရုံက ၂၅ မဂ္ဂါဝပ်သာသုံးစွဲမှာဖြစ်ပါတယ်။ ၁၅ မဂ္ဂါဝပ်ကို National Grid က တစ်ဆင့် ရောင်းချနိုင်မှာဖြစ်လို့ နှစ်စဉ်လည်း ၁၅ ဘီလီယံကျပ် ဝင်ငွေရရှိနိုင်ပါသေးတယ်။ စီးပွားရေး တွက်ချေမကိုက်ဘူးဆိုတာတွေကို တစ်ဖက်သတ်တွက်ချက်မှုတွေနဲ့ တွက်ချက်ပြီးတော့မှ စီမံကိန်းကို ရပ်ဆိုင်းထားခြင်းဟာ ယခင်အစိုးရနဲ့ တပ်မတော်အစိုးရလက်ထက်ကလုပ်ခဲ့တဲ့စီမံကိန်းမို့ နိုင်ငံရေးရည်ရွယ်ချက်ရှိရှိနဲ့ ဆောင်ရွက်တာဖြစ်တယ်လို့ တွက်ဆစရာတွေလည်း ရှိနေပါတယ်။ စက်ရုံလည်ပတ်ဖို့လိုအပ်တဲ့ တခြားကုန်ကြမ်းတွေဖြစ်တဲ့ ထုံးကျောက်နဲ့ ဒိုလိုမိုက်ကလည်း နှစ်မိုင်နဲ့ခြောက်မိုင်ပတ်လည်မှာ ရရှိနိုင်ပြီးတော့ ကျောက်မီးသွေးကတော့ ကျေးသီးနဲ့ နမ့်ဆန်ကရရှိနိုင်တဲ့အတွက် ဒီလောက်အဆင်ပြေတဲ့ ဒီစက်ရုံဟာ ဘုရားပေးတဲ့ဆုလို့တောင်မှ ပြောနိုင်ပါတယ်။ ယခုအခါမှာတော့ စက်ရုံကို ပစ်စလက်ခတ်ပစ်ထားသလိုဖြစ်နေတဲ့အတွက် Equipment တွေ၊ Materials တွေ၊ Paint တွေ၊ Chemical တွေက သက်တမ်းရှိတဲ့အတွက် အနည်းနဲ့အများ ပျက်စီးနေပါသည်။ မီတာခတွေ မပေးနိုင်လို့ လျှပ်စစ်ဓာတ်အားပါ ဖြတ်တောက်ထားရတဲ့အတွက် Automation System တွေလည်း ပျက်စီးသလောက် ဖြစ်နေလောက်ပါပြီ။ Control System တွေလည်း ထိခိုက်မှာမလွဲပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့မေးခွန်းကတော့ (၁) ၁ ရာခိုင်နှုန်းကျော်သာကျန်ရှိတော့တဲ့ ဒီစက်ရုံစီမံကိန်းကို အပြီးသတ်မဆောက်လုပ်ဘဲ မခိုင်လုံတဲ့အကြောင်းပြချက်တွေနဲ့ ဘာကြောင့်ရပ်ဆိုင်းထားတာလဲ။ (၂) ဒီစီမံကိန်းကို ဆက်မလုပ်ဘူးဆိုရင် ရင်းနှီးမြှုပ်နှံထားတဲ့ငွေ ယူရို ၂၂၀ သန်းနဲ့ မြန်မာငွေ ၂၂၀

ဘီလီယံကျပ်ကို လုံးဝဆုံးရှုံးနစ်နာမှုမရှိစေဖို့အတွက်ကို ဘယ်လိုစီမံထားသလဲဆိုတာကို ရှင်းလင်းပေးဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၏တောင်ကြီးမြို့နယ်ရှိ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းကို ၁-၁၀-၂၀၁၂ ရက်နေ့က မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ စက်မှုဝန်ကြီးဌာနသို့ လွှဲပြောင်းတည်ဆောက်ခဲ့ရာမှာ ယခုအခါ ၉၈.၂၄ ရာခိုင်နှုန်းပြီးစီးနေပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ဘတ်ဂျက်ခွင့်ပြုချက်ရပ်ဆိုင်းထားသည့်အတွက် စက်ရုံလည်းမပြီး၊ Pig Iron လည်းမထုတ်လုပ်နိုင်ပါသဖြင့် ၎င်းစက်ရုံစီမံကိန်းကို မည်သည့်အတွက်ကြောင့်ရပ်ဆိုင်းထားရသည်။ ရှေ့အနာဂတ်တွင် တိုင်းပြည်အတွက်ဆုံးရှုံးမှုမရှိအောင် မည်ကဲ့သို့စီမံဆောင်ရွက်မည်ကို သိလိုခြင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါ။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်မှာရှိတဲ့ ပင်းပက်ဒေသဟာ မြန်မာနိုင်ငံမှာ သက်တမ်းနုသတ္တုရိုင်းအများဆုံးထွက်ရှိရာဒေသတစ်ခု ဖြစ်ပါတယ်။ သံသတ္တုရိုင်းတွေကနေ Pig Iron လို့ခေါ်တဲ့ သံစိမ်းများ ထုတ်လုပ်ဖို့အတွက် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ကို ၂၀၀၅ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်တဲ့နည်းစဉ်တွေကတော့ Basic Oxygen Furnace ခေါ်တဲ့ BOF Process၊ Smelting Reduction ခေါ် COREX Process နဲ့ ယခုတင်ပြပါ Romelt Process ဆိုပြီး သုံးမျိုးရှိပါတယ်။ BOF Process နဲ့ COREX Process တို့ဟာ သက်တမ်းရင့်သံသတ္တုရိုင်းတို့မှ သံစိမ်းထုတ်လုပ်တဲ့နည်းစဉ်တွေဖြစ်ပြီး Romelt Process ကတော့ သက်တမ်းနုတဲ့သံသတ္တုရိုင်းတွေကနေ သံစိမ်းထုတ်လုပ်တဲ့နည်းစဉ်တွေဖြစ်ပါတယ်။ သက်တမ်းရင့်သံသတ္တုရိုင်းများကို စီးပွားဖြစ်ထုတ်လုပ်နိုင်လောက်အောင် မြန်မာနိုင်ငံမှာ အမြောက်အမြားမတွေ့ရှိရသေးကြောင်း၊ သက်တမ်းနု

သံသတ္တုရိုင်း ကျောက်များကိုသာ တွေ့ရှိရကြောင်း ဘူမိဗေဒပညာရှင်များမှ လေ့လာစူးစမ်းမှုအရ သိရှိရပါတယ်။

ပင်းပက်ဒေသမှထွက်ရှိလာတဲ့ သံသတ္တုရိုင်းတွေကို သက်တမ်းနုတဲ့သံသတ္တုရိုင်းတွေဖြစ်တာကြောင့် ရုရှားနိုင်ငံရဲ့နည်းပညာအသစ်ဖြစ်တဲ့ Romelt Process ထုတ်လုပ်ဖို့ရွေးချယ်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ Pilot Project အဖြစ် ၂၀၀၅ ခုနှစ်ကစတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ယခုအခါမှာတော့ ၎င်း Romelt Processကိုအသုံးပြုပြီး ကာဇက်စတန်နိုင်ငံမှာ သံနဲ့ကြေးနီတွေကို အောင်မြင်စွာထုတ်လုပ်နိုင်ပြီဖြစ်ပါတယ်။ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)မှ တစ်နှစ်လျှင်သံစိမ်းတန်ချိန်နှစ်သိန်းထုတ်လုပ်နိုင်မှာဖြစ်ပြီး Romelt Process နည်းစဥ်အရ သံသတ္တုရိုင်း၊ ကျောက်မီးသွေးနှင့် ထုံးကျောက်၊ ဒိုလိုမိုက်နဲ့ သဲစတဲ့ကုန်ကြမ်းတွေကို သတ်မှတ်အချိုးအစားအတိုင်းရောစပ်ပြီး Romelt Furnace မှာထည့်သွင်းအရည်ကျိုခြင်းဖြင့် သံစိမ်း(Pig iron)များကို ထုတ်လုပ်ရရှိနိုင်မှာဖြစ်ပါတယ်။ Pig iron ထုတ်လုပ်နိုင်ဖို့အတွက် အဓိကအသုံးပြုရတဲ့ သံသတ္တုရိုင်းတွေကို ပင်းပက်ဒေသမှာပင် ရရှိနိုင်မှာဖြစ်ပြီး အခြားကုန်ကြမ်းများဖြစ်တဲ့ ကျောက်မီးသွေးကို ကျေးသီးမြို့နယ်၊ ထုံးကျောက်ကို ဟိုပုန်းမြို့နယ်၊ နောင်ကာကယ်ဒေသ၊ ဒိုလိုမိုက်ကို ထန်းဆာတောင်နှင့် သလင်းကွယ်တဲ့သဲကိုတော့ သာစည်မြို့နယ်၊ ယင်းမာပင်၊ ကျွဲတက်ဆုံဒေသမှထုတ်ယူအသုံးပြုသွားမှာဖြစ်ပါတယ်။

စက်ရုံမှထွက်ရှိလာမယ့် စွန့်ပစ်အပူကိုအသုံးပြုပြီး 40 MW ရှိတဲ့ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်မှာဖြစ်ပြီး စက်ရုံမှာသုံးစွဲမှုမှပိုလျှံတဲ့ 15 MW ကိုတော့ National Grid သို့ ပို့လွှတ်သွားနိုင်မှာဖြစ်ပါတယ်။ သံရည်ကျိုရာမှထွက်ရှိလာတဲ့ ချော်ရည်ကိုလည်း ချော်လုံး၊ ချော်ခဲများပြုလုပ်ပြီး ဘိလပ်မြေစက်ရုံများသို့ ရောင်းချပေးသွားနိုင်မှာ ဖြစ်ပါတယ်။ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းနဲ့ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းတို့ကို ၁-၁၀-၂၀၁၂ ရက်နေ့မှာ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းထံမှ စက်မှုဝန်ကြီးဌာနက လွှဲပြောင်းလက်ခံယူခဲ့ရပါတယ်။ အဆိုပါစီမံကိန်းနှစ်ခုအား ၁၅-၃-၂၀၁၇ ရက်နေ့မှာကျင်းပပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့် ၂၀-၄-၂၀၁၇ ရက်နေ့မှာကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီ၏ (၇/၂၀၁၇)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအရ လတ်တလောရပ်ဆိုင်းခဲ့ရတဲ့စက်ရုံများမှာ ပါဝင်ခဲ့ပါတယ်။

ထိုသို့ရပ်ဆိုင်းခဲ့စဉ်ကတည်းကပင် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)ရဲ့ စီမံကိန်းပြီးစီးမှု ရာခိုင်နှုန်းက ၉၈.၈၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ တည်ဆောက်ရန်ကျန်ရှိတဲ့အပိုင်းတွေကတော့ Waste Heat Boiler & Air Separation Plant အတွက် Piping လုပ်ငန်းများ၊ Heat Recovery Power Station နဲ့ Turbine Installation လုပ်ငန်းများ၊ Romelt Furnace၊ Pig iron Melting Furnace နဲ့ Slag Melting Furnace များ၌ Refractory မီးခံအုတ်စီခြင်းလုပ်ငန်းများနဲ့အတူ Insulation လုပ်ငန်းများလည်းပါဝင်ပါတယ်။ ၎င်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ၇၁.၀၂၀၈၆၇ ဘီလီယံခန့် ထပ်မံရင်းနှီးမြှုပ်နှံဖို့လိုအပ်မှာဖြစ်ပါတယ်။ လတ်တလောရပ်ဆိုင်းထားခဲ့တဲ့ နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံတွေကို ဆက်လက်ဆောင်ရွက်ရန်သင့်/မသင့် စိစစ်နိုင်ဖို့အတွက် ၁၆-၇-၂၀၁၇ ရက်နေ့မှာ လေ့လာသုံးသပ်ရေးအဖွဲ့နှစ်ဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ အဖွဲ့(၁)၌ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးအောင်မင်းနှင့် အဖွဲ့(၂)၌ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဥက္ကဋ္ဌဖြစ်သူ ဒေါ်ခင်စန်းလှိုင်တို့ဦးဆောင်၍ စက်ရုံ၊ အလုပ်ရုံများသို့ လာရောက်လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့ကြပါတယ်။

၎င်းအဖွဲ့နှစ်ဖွဲ့ဟာ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းသို့ ၉-၁၂-၂၀၁၇ ရက်နေ့မှာ ရောက်ရှိပြီး စီမံကိန်းရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ ထုတ်လုပ်မှုဆောင်ရွက်ပါက အမြတ်အစွန်းရရှိနိုင်မှုအခြေအနေ၊ ကုန်ကြမ်းရရှိနိုင်မှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အားရရှိနိုင်မှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြပါတယ်။ လေ့လာသုံးသပ်ရေးအဖွဲ့များအနေဖြင့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အား Romelt Process အောင်မြင်စွာ စမ်းသပ်လည်ပတ်နိုင်သည်အထိ လိုအပ်သည့်ရင်းနှီးမြှုပ်နှံမှုများကိုသာ နိုင်ငံတော်က လတ်တလောဦးစားပေးဆောင်ရွက်သင့်ကြောင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် ပါဝင်သင့်၊ ပါဝင်ထိုက်သူများပါဝင်သော Special Task Force Team ကိုအမြန်ဖွဲ့၍ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ အဖွဲ့ဝင်ခြောက်ဦးတို့ကလည်း အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်း ကို ၈-၂-၂၀၁၈ ရက်နေ့မှာ လာရောက်ပြီး အသေးစိတ်ရှင်းလင်းမှုများပြုလုပ်ကာ သဘောထား မှတ်ချက်များဖြင့်အကြံပြုပေးပို့ခဲ့ကြပါတယ်။

နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ(NECC)မှ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)နှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စီမံကိန်းတို့အပါအဝင် ရပ်ဆိုင်းစက်ရုံများအား ပြည်ပပညာရှင်များအဖွဲ့ဖြင့် လေ့လာဆန်းစစ်နိုင်မှုများပြုလုပ်နိုင်ရန်အတွက် United States Agency for

International Development(USAID)၏ အထောက်အပံ့ဖြင့်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ပပညာရှင်နှင့်အဖွဲ့ဟာ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းသို့ ၁၆-၁၂-၂၀၁၈ ရက်နေ့မှ ၁၇-၁၂-၂၀၁၈ ရက်နေ့အထိ လာရောက်၍ စက်ရုံ၏လက်ရှိပြီးစီးမှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံခဲ့သည့်ပမာဏ၊ စီမံကိန်းပြီးစီးရန် ထပ်မံလိုအပ်မှု၊ ကုန်ကြမ်းရရှိနိုင်မှုနှင့် စွမ်းအင်ရရှိနိုင်မှုစတဲ့အချက်များကို အဓိကထား ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။ သံမဏိစက်ရုံစီမံကိန်းများနှင့်ပတ်သက်၍ ပြည်ပပညာရှင်အဖွဲ့၏ လေ့လာသုံးသပ်ချက်အစီရင်ခံစာ(Evaluation Report)ကို နိုင်ငံတော်စီးပွားရေးအရပေါင်းစပ်ညှိနှိုင်းရေးကော်မတီ(NECC)သို့ တင်ပြသွားမှာဖြစ်ပြီးတော့ ၎င်းအစီရင်ခံစာအပေါ် NECC က စိစစ်သုံးသပ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)စီမံကိန်း ၂၂-၆-၂၀၁၉ ရက်နေ့မှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အပါအဝင် NECC မှတာဝန်ရှိသူများရောက်ရှိလာပြီး စက်ရုံ၏ပကတိအခြေအနေများကို လေ့လာသုံးသပ်မှုများ ပြုလုပ်ခဲ့ကြပါတယ်။ ဆက်လက်၍ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)သို့လည်းသွားရောက်ကာ လေ့လာသုံးသပ်မှုများပြုလုပ်မည်ဖြစ်ပြီး သံမဏိစက်ရုံစီမံကိန်းများအား နိုင်ငံတော်အတွက် ဆုံးရှုံးမှုမဖြစ်စေဘဲ အကျိုးရှိစေမည့်အစီအမံများဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ စက်မှုဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးမှုစီမံကိန်း (MSDP)အရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိ Project Bank သို့ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းအပါအဝင် လတ်တလောရပ်ဆိုင်းစက်ရုံများ၏ Proposal များကိုပေးပို့တင်ပြထားပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ လတ်တလောရပ်ဆိုင်းစက်ရုံများတွင်ပါဝင်တဲ့ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းအား မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)အရ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးရှိစေရေးအတွက် လေ့လာသုံးသပ်မှုများပြုလုပ်ကာ NECC ၏ ပေါင်းစပ်ညှိနှိုင်းမှုများဖြင့် တိုင်းပြည်အတွက် ဆုံးရှုံးမှုမဖြစ်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှချမှတ်သည့် မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မြင့်(မင်းကင်းမဲဆနွနယ်)။** ။ ဟုတ်ကဲ့။ ရှင်းလင်းဖြေကြားပေးတဲ့ ဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံကတော့ အခုဒီအချိန်မှာ ရွေးကောက်ပွဲတွေပြုလုပ်တယ်။ အစိုးရဖွဲ့တယ်။ ငါးနှစ်တစ်ကြိမ် အစိုးရတွေ ရှိနေကြပါတယ်။ အဲဒီတော့ အစိုးရအဖွဲ့တစ်ရပ်ဆိုတာက ငါးနှစ်အတောအတွင်းမှာ မိမိဆောင်ရွက်ဖွယ်ရာကိစ္စရပ်တွေကို အပြီးအစီးဆောင်ရွက်နိုင်ဖို့လိုတယ်။ မပြီးရင်လည်း တန်းလန်းကြီးပစ်ထားလို့တော့ မဖြစ်ဘူးဆိုတာ ကျွန်တော်ပြောချင်တယ်။ အခု ဒီအစိုးရအဖွဲ့တက်လာပြီးတဲ့အချိန်မှာပဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကစပြီးတော့မှ ရပ်ထားလိုက်တယ်။ ကော်မတီတွေ ဖွဲ့ဖွဲ့ပြီးမှ ပင်းပက်မှာ သွားပြီးတော့မှ ကြည့်တယ်။ မြင်းခြံမှာသွားကြည့်တယ်။ အဲဒီတော့ ကော်မတီတွေကို ကျွန်တော်က Denounce လုပ်ချင်လို့၊ ရှုတ်ချချင်လို့ပြောတာမဟုတ်ဘူး။ ဒါပေမဲ့ Technically နားမလည်ဘဲနဲ့ သွားလို့ကတော့ သူတို့ ဒီဟာအပေါ်မှာ Evaluate မလုပ်နိုင်ဘူးဆိုတာ တစ်ချက်ပဲ ပြောချင်ပါတယ်။ အခုနောက်ဆုံးဖွဲ့လိုက်တဲ့ အဖွဲ့ကတော့ USAID ကနေပြီးတော့မှ အကူအညီပေးတဲ့ပိုက်ဆံနဲ့သွားတယ်။ သွားတဲ့ပုဂ္ဂိုလ်က ဩစတြေးလျကပညာရှင်ဆိုပြီးတော့မှ ကျွန်တော်သိရတာပေါ့။ သူကလည်း အခုအချိန်မှာတော့ ဒီဇင်ဘာလအတွင်းမှာနှစ်ရက်၊ သုံးရက်လောက်သွားတယ်။ ပြီးလို့ရှိရင်လည်း နေပြည်တော်မှာပဲ စက်ရုံကလူတွေကို နှစ်ကြိမ်၊ သုံးကြိမ်လောက်ခေါ်ပြီးတော့မှ Discussion လုပ်တယ်။ သူသိချင်တာတွေ မေးတယ်ဆိုရင် ကျွန်တော်ပြောတယ်။ အဲဒီတော့ ရပ်တန့်တော့မနေဘူးဆိုတာကိုတော့ ကျွန်တော်သိရတယ်။ ဒါပေမဲ့ ကျွန်တော်ပြောချင်တဲ့၊ ပေးချင်တဲ့ Message ကဘာလဲဆိုလို့ရှိရင်တော့ဖြင့် ကျွန်တော်တို့စက်ရုံကို ဘယ်နည်းပညာနဲ့လုပ်တာလဲ။ ရုရှားနဲ့လုပ်တယ်။ ရုရှားနဲ့လုပ်တဲ့ဟာကို တခြားနိုင်ငံက USA လိုနိုင်ငံမျိုးကပေးတဲ့ အကူအညီနဲ့လုပ်တဲ့ Evaluation Team ဟာ ကောင်းမွန်တဲ့၊ Positive ဖြစ်တဲ့ Consultancy တွေလုပ်မလားဆိုတာကို ကျွန်တော့်အနေနဲ့တော့ သံသယအများကြီးရှိတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ ဒါကြောင့်မို့လို့ တကယ်ပြောမယ်ဆိုလို့ရှိရင် ဒီ Romelt Process ဟာ သံသယရှိစရာမလိုဘူး။ ဘာကြောင့်လဲ ဒီ Romelt Process ကို ကျွန်တော်လေ့လာထားတာဆိုတော့ရင်ဖြင့် အမေရိကန်က MSICS Kaiser ဆိုတာကလည်း လိုင်စင်ယူထားပြီးပြီ။ Nippon Steel လို့ခေါ်တဲ့ ဂျပန်ကလည်း လိုင်စင်ယူထားပြီးပြီ။ RSI၊ အိန္ဒိယကလည်း လိုင်စင်ယူထားပြီးတော့မှ သူက Sub-License ကိုတောင်မှ National Mineral Development Corporation ကို ပေးထားပြီးပြီဆိုတော့ ဒါဟာနည်းပညာနဲ့ပတ်သက်ပြီးတော့မှ သံသယရှိစရာအကြောင်းမရှိဘူး။ အဲဒီတော့ ကျွန်တော်တို့သွားရမှာက Economic Justification ကိုသွားရမယ်။ Economic Justification ကို သွားတဲ့နေရာမှာလည်း

တကယ်တမ်းပြောလို့ရှိရင်တော့ ကျွန်တော်တို့ရဲ့စနစ်ကြီးတွေက မှားနေတဲ့ဟာလေးတွေကို နည်းနည်းလေး ကျွန်တော် Adjustment လုပ်ဖို့လိုတယ်။ တကယ်တော့ တွင်းထွက်ပစ္စည်းတွေ အကုန်လုံးကို ကျွန်တော်တို့ယူတဲ့နေရာမှာ London Metal Exchange Rate နဲ့ ကျွန်တော်တို့ကတောင်းတယ်။ အဲဒီတော့ London Metal Exchange Rate နဲ့ ပေးရလောက်အောင် ကျွန်တော်တို့ ပစ္စည်းတွေက Quality တွေကောင်းလားဆိုတော့ မကောင်းဘူး။ တစ်ခါထပ်ပြီးတော့မှ ထွက်တဲ့ Pig Iron မှာ အခွန်ထပ်ကောက်တယ်ဆိုတော့ Double, Triple ဒါမျိုးတွေ အကောက်ခံနေရလို့ မကိုက်တာဖြစ်တယ်။ နောက်တစ်ခုက နည်းပညာနားမလည်ဘူး။ ဘာလဲဆိုလို့ရှိရင်တော့ တစ်တန်လောက်ထုတ်တာကိုသွားပြီးကြည့်တယ်။ ကျွန်တော်တို့က အကြော်တစ်ခုကြော်လည်း ဒီဆီကိုအပူပေးရတာပဲ။ အကြော် အခု ၁၀၀ ကြော်လည်း ဒီဆီကိုအပူပေးရတာပဲ။ ဒါကို သွားစစ်တဲ့အဖွဲ့က နားမလည်ဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြချင်တာကတော့ဖြင့် ဒီဟာကို ဘယ်နေ့၊ ဘယ်အချိန်လောက်မှာ၊ ဘယ်ကာလလောက်မှာ ဆောင်ရွက်ပေးနိုင်မလဲ။ ပြန်စနိုင်မလဲ။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းကင်းမဲဆန္ဒနယ်မှ ကိုယ်စားလှယ်တော်ကြီးရဲ့အမေးကို ကျွန်တော်ရှင်းလင်းဖြေကြားပါမယ်။ သံမဏိစက်ရုံစီမံကိန်းဟာ ရင်းနှီးမြှုပ်နှံမှုအင်မတန်များပြားပါတယ်။ ဒီလိုများပြားတဲ့အတွက်လည်း နိုင်ငံတော်ကနေပြီးတော့ နိုင်ငံတော်အတွက် ဆုံးရှုံးမှုမရှိရအောင်၊ အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်တဲ့အခါမှာ အခုနက ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွားတဲ့အတိုင်း သင့်တင့်သောပညာရှင်များ အသီးသီးပါဝင်သောအဖွဲ့တွေနဲ့ အကြိမ်ကြိမ်စိစစ်ခဲ့ပါတယ်။ နောက်ဆုံးအကြိမ်မှာတော့ အခုနက တင်ပြသွားတဲ့ ဩစတေးလျနိုင်ငံမှ Mr. Warton Phillis တို့ပါဝင်သောအဖွဲ့မှ စစ်ဆေးသွားပါတယ်။ စစ်ဆေးတဲ့အခါမှာ ကိုယ်စားလှယ်တော်ကြီး ရှင်းလင်းတဲ့အတိုင်းပဲ အဓိကထားကြည့်ကြတာကတော့ ကုန်ကြမ်းတွေရရှိမှု အခြေအနေ၊ ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်စွမ်းရှိ/မရှိ၊ နောက်ပြီး နိုင်ငံတော်အတွက် ထပ်မံရင်းနှီးမြှုပ်နှံဖို့ ဘယ်လောက်ထပ်လိုမလဲ အသေးစိတ်စစ်ပါတယ်။ စစ်ပြီးတဲ့အခါမှာ ယခုအချိန် မှာဆိုလို့ရှိရင်တော့ အားလုံးကစစ်ဆေးပြီးသွားလို့ သုံးသပ်ချက်တွေကို တင်ပြထားပြီးဖြစ်ပါလိမ့်မယ်။ ဒီလိုဖြစ်တဲ့အတွက် ဒီသုံးသပ်ချက်တွေအရ နိုင်ငံတော်အတွက် ဆုံးရှုံးမှုမရှိစေအောင် နိုင်ငံတော်မှာ တကယ်လိုအပ်နေတဲ့ ဒီသံရိုင်းကျောက်တွေ Pig iron တွေ ထုတ်လုပ်ဖို့မဖြစ်နိုင်တဲ့အတွက် အမြန်ဆုံးထုတ်လုပ်နိုင်ဖို့အတွက်လည်း ပြန်လည်

သုံးသပ်ပြီးတော့ အသေးစိတ် Action Plan တွေရေးဆွဲနေပါတယ်။ ရေးဆွဲထားပြီးလည်းဖြစ်ပါတယ်။ ဒီကိစ္စတွေအားလုံးကို ကျွန်တော်တို့မကြာမီ ရပ်ထားတာမဟုတ်တဲ့အတွက်၊ On Going Process ဖြစ်တဲ့အတွက် စိုးရိမ်ပူပန်စရာမလိုပါဘူး။ နိုင်ငံတော်အတွက် အကောင်းဆုံး ဖြစ်အောင်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ပါဝင်သော USH အဖွဲ့အပါအဝင် အခြားအခြားသော အဖွဲ့များရဲ့ သုံးသပ်ချက်များအပါ အားလုံးကို Technical ရော၊ Financial ရော အားလုံး တွက်ချက်ပါတယ်။ Investment Plan တွေပါချပြီးတော့ မကြာမီ နိုင်ငံတော်အတွက် အကျိုးရှိမယ့်လုပ်ငန်းတွေဖြစ်ကြောင်း၊ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နောက်ပြီးတော့ ထပ်မံလိုအပ်မယ့် Investment တွေကလည်း မရှိမဖြစ်ပေးရမယ့်ကိစ္စလေးတွေကို ပေးကိုပေးဖို့ရှိပါတယ်။ ဒါကလည်း ခုနကတင်ပြတဲ့ထဲမှာပါပါတယ်။ ဒီလုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ ကျန်ရှိတဲ့ Waste Heat Recovery Station တို့၊ Turbine Station တို့ ဒါတွေကိုမပါဘဲနဲ့ Pig Iron ကထုတ်လို့မရပါဘူး။ ဒီအတွက် အနည်းငယ်သောဘဏ္ဍာငွေကိုတော့ အသုံးမပြုလို့မရတော့ပါဘူး။ ဒါအတွက်ကိုလည်း နိုင်ငံတော်ကသုံးသပ်ပြီးတော့ မကြာမီရှင်းလင်းထုတ်ပြန်ပေးမှာဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံတော်အတွက်အကျိုးရှိတဲ့ သံမဏိတွေထုတ်မယ်ဆိုလို့ရှိရင် နိုင်ငံတော်မှာ အခုသံမဏိစက်ရုံတွေက မြင်းခြံတစ်ခုတည်းတင်မဟုတ်ပါဘူး။ အခုဆိုလို့ရှိရင် သံမဏိစက်ရုံတွေက မြန်မာနိုင်ငံမှာထပ်ပြီးတော့ ထုတ်မယ့်ကုမ္ပဏီလေးခုလောက်ရှိပါတယ်။ မြောင်းတကာမှာဆိုရင် သံရိုင်းတွေကို သွင်းပြီးတော့ သူတို့ကထုတ်နေကြပါပြီ။ သံလုံးတွေထုတ်ပါတယ်။ Deformed Bar တွေ ထုတ်ကြပါတယ်။ အဲဒီလိုပဲ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်ဘက်မှာလည်း တန်တစ်သိန်းခွဲလောက်ထုတ်မယ့် စက်ရုံဆောက်ဖို့ အစီအစဉ်ရှိပါတယ်။ ပုသိမ်နားမှာလည်း China ကနေပြီးတော့ ထပ်ပြီးတော့ တန်ချိန်ပေါင်းများစွာထုတ်မယ့် သံမဏိစက်ရုံတည်ထောင်နေပါတယ်။ အလားတူ သီလဝါမှာ JFE ကလည်း ကုန်ကြမ်းကိုတင်သွင်းပြီးတော့ ကုန်ချောထုတ်မယ့်စက်ရုံတည်ဆောက်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။

ဒီလို ဖြစ်နေတဲ့အချိန်မှာ နိုင်ငံတော်ကနေပြီးတော့ မြင်းခြံမှာ သံမဏိစက်ရုံကြီးရှိရဲ့သားနဲ့ သူ့အတွက်လိုအပ်သော ကုန်ကြမ်းတွေကိုလည်း ပင်းပက်ကထုတ်ပေးနိုင်တယ်။ အလားတူပဲ အခြားအခြားသော စက်ရုံငယ်လေးတွေ၊ ပြည်တွင်းလုပ်ငန်းလေးတွေ၊ SME လုပ်ငန်းလေးတွေအပါအဝင် အားလုံးကို ကျွန်တော်တို့က သံမဏိစက်ရုံကထွက်တဲ့ Pig iron တွေကိုထုတ်လို့ရမှာဖြစ်ပါတယ်။ သံမဏိစက်ရုံကနေထွက်လာတဲ့ Pig iron တွေအပြင် ထွက်လာမယ့်ချော်တွေကိုလည်းပဲ ကျွန်တော်တို့က ဘိလပ်မြေစက်ရုံမှာသုံးလို့ရတာဖြစ်တဲ့အတွက် ဒီစက်ရုံကို အကောင်းဆုံး၊ နိုင်ငံတော်အတွက်

အကျိုးရှိဆုံးဖြစ်အောင် အမြန်ဆုံးစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းလည်း တင်ပြဆွေးနွေးလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများအဖြစ် JIS ကို ကိုးကား၍ မြန်မာနိုင်ငံ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်တို့နှင့်ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဒက္ခိဏသီရိမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့မြန်မာနိုင်ငံမှာ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများ ရေးဆွဲပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပါဘူး။ အိမ်နီးချင်းထိုင်းနိုင်ငံမှာ Japanese Industrial Standard (JIS)ကို ကိုးကား၍ Thai Industrial Standards (TIS)ကို ၁၉၇၅ ခုနှစ်ဝန်းကျင်ကတည်းက ရေးဆွဲပြဋ္ဌာန်းကျင့်သုံးနေပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကရေးဆွဲနေတဲ့ Myanmar National Building Code ပါ စံသတ်မှတ်ချက်များမှာ ASTM ကို ကိုးကားထားကြောင်းသိရပြီး JIS ပါ စံသတ်မှတ်ချက်များမှာ ISO ကို အခြေခံထားပြီး ဂျပန်နိုင်ငံရဲ့ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်တို့နှင့် ကိုက်ညီအောင် ရေးဆွဲထားကြောင်းသိရပါတယ်။ ASTM ကို ကျင့်သုံးသောနိုင်ငံများမှာ အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံအနည်းငယ်သာရှိပြီး မိမိတို့ဒေသတွင်းနိုင်ငံများ၊ အာရှနိုင်ငံများနှင့် အခြားနိုင်ငံအများစုမှာ ISO နှင့် JIS ကိုအခြေခံ၍ သက်ဆိုင်ရာနိုင်ငံများရဲ့ ရာသီဥတု၊ သဘာဝဘေးန္တရာယ်တို့နှင့်ကိုက်ညီအောင် ရေးဆွဲကျင့်သုံးကြကြောင်း သိရပါတယ်။ မိမိတို့နိုင်ငံမှာ ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ များစွာဝင်ရောက်လျက်ရှိပြီး ထပ်မံဝင်ရောက်မည့်အလားအလာကောင်းများလည်းရှိနေပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်မှာ ဂျပန်နိုင်ငံရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နေတဲ့ သံမဏိစက်ရုံစီမံကိန်းရှိနေပြီး အဆိုပါစက်ရုံရဲ့ ထွက်ကုန်များအတွက် အဓိကဈေးကွက်မှာ မြန်မာနိုင်ငံပြည်တွင်းနှင့် JIS မှ စံချိန်စံညွှန်းများကို ကျင့်သုံးနေသော ဒေသတွင်းနိုင်ငံများဖြစ်နိုင်ပါတယ်။ မိမိတို့နိုင်ငံအတွင်းသို့ စံချိန်စံညွှန်းမမီသော အရည်အသွေးနှင့် တန်ဖိုးနိမ့်သံနှင့်သံမဏိပစ္စည်းများဝင်ရောက်လာပါက ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ပြည်ပမှဝင်ရောက်ရင်းနှီးမြှုပ်နှံ

ထုတ်လုပ်ဆောင်ရွက်နေသော သံမဏိစက်ရုံများမှ ထုတ်ကုန်များယှဉ်ပြိုင်ရောင်းချရာမှာ အခက်အခဲ ရှိမှာဖြစ်ပါတယ်။ မှန်ကန်မျှတစွာ ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရန်အတွက် သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများ ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းပေးရန် လိုအပ်ပါတယ်။

မြန်မာနိုင်ငံကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်လတ်စီမံကိန်းရဲ့ Action Plan မှာ စံချိန်စံနှုန်းများ၊ နည်းပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် အရည်အသွေးဆန်းစစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်တဲ့ လက်ရှိဆောင်ရွက်နေမှုကို ပြန်လှန်သုံးသပ်ရန်နှင့် မြန်မာနိုင်ငံရဲ့ စံချိန်စံညွှန်းများအား ဒေသတွင်းနှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီရန်အတွက် ဒေသတွင်း နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအား တိုးမြှင့်ရန်ဟု ဖော်ပြထားပါတယ်။ သို့ဖြစ်ပါ၍ အောက်ပါ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါတယ်။ မြန်မာနိုင်ငံ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများအဖြစ် JIS ကို ကိုးကား၍ မြန်မာနိုင်ငံ၏ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်တို့နှင့် ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နေပြည်တော် ဒက္ခိဏသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း၏ မြန်မာနိုင်ငံ သံနှင့် သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများအဖြစ် JIS ကို ကိုးကား၍ မြန်မာနိုင်ငံ၏ ရာသီဥတု၊ သဘာဝဘေးအန္တရာယ်တို့နှင့်ကိုက်ညီအောင် ရေးဆွဲပြဋ္ဌာန်းကျင့်သုံးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ပြည်သူတို့ရဲ့ကျန်းမာရေး၊ စားသောက်ရေး၊ နေထိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကဏ္ဍအသီးသီး၌ ဘေးအန္တရာယ် ကင်းရှင်းပြီး နိုင်ငံတော်၏ပို့ကုန်၊ သွင်းကုန်ကဏ္ဍများကို အထောက်အကူပြုစေရေးအတွက် မြန်မာ နိုင်ငံ၏ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်များနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် မြန်မာစံချိန်စံညွှန်း

များကို ပညာရေးဝန်ကြီးဌာနမှ အတည်ပြုသတ်မှတ်ပေးနိုင်ဖို့ အမျိုးသားစံချိန်စံညွှန်းကောင်စီကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ အမျိုးသားစံချိန်စံညွှန်းကောင်စီအနေဖြင့် စံချိန်စံညွှန်းများရေးဆွဲသတ်မှတ်နိုင်ရေးအတွက်လည်း နည်းပညာဆပ်ကော်မတီ ၂၃ ခုကို ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ အဲဒီ နည်းပညာဆပ်ကော်မတီ ၂၃ ခုထဲက စက်မှုဝန်ကြီးဌာနတော့ ကော်မတီခုနစ်ခုမှာ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားစံချိန်စံညွှန်းကောင်စီဟာ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ဒေသဆိုင်ရာစံချိန်စံညွှန်းများကို မှီငြမ်းကိုးကားပြီး မြန်မာနိုင်ငံရဲ့ ကိုက်ညီတဲ့စံချိန်စံညွှန်းများကို စနစ်တကျသတ်မှတ်အတည်ပြုပေးလျက်ရှိပါတယ်။ ယနေ့အထိ နယ်ပယ်အသီးသီးအတွက်လိုအပ်တဲ့ မြန်မာ့စံချိန်စံညွှန်း ၉၃ ခုကို အတည်ပြုသတ်မှတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလို မြန်မာ့စံချိန်စံညွှန်းများထဲမှ ၃၂ ဟာ စက်မှုဝန်ကြီးဌာနက တာဝန်ယူရေးဆွဲထားတဲ့ စံချိန်စံညွှန်းများပဲ ဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ သံနှင့်သံမဏိတွေကို ဆောက်လုပ်ရေးကဏ္ဍတွေသာမက လူ့အသုံးအဆောင်ပစ္စည်းများ၌ အသုံးများလာကြပြီ ဖြစ်ပါတယ်။ အဆောက်အဦငယ်များမှ ခိုင်မာတောင့်တင်းတဲ့ အဆောက်အဦကြီးတွေအထိ အဆောက်အဦမျိုးစုံကို Steel Structure တွေနဲ့ အများအပြားတည်ဆောက်လာကြတာကို သိသာစွာ တွေ့မြင်နေကြရပါတယ်။

ဒါ့ကြောင့် ကမ္ဘာ့နိုင်ငံအများစုဟာ သဘာဝဘေးအန္တရာယ်တွေရှောင်ရှားနိုင်ဖို့ သံနှင့်သံမဏိတွေကို ၎င်းတို့ဒေသနဲ့ကိုက်ညီတဲ့ သံနှင့်သံမဏိစံချိန်စံညွှန်းများသတ်မှတ်ပြီး အသုံးပြုနေကြပြီလည်း ဖြစ်ပါတယ်။ အာဆီယံနိုင်ငံများမှာလည်း JIS ကိုအခြေခံတဲ့ သံနှင့်သံမဏိစံချိန်စံညွှန်းတွေကို အများစုမှလက်ခံသတ်မှတ်သုံးစွဲလာကြပြီဖြစ်တာကြောင့် မြန်မာနိုင်ငံတွင်လည်း ဒေသတွင်းနိုင်ငံများနည်းတူစံချိန်စံညွှန်းများသတ်မှတ်ရန် လိုအပ်လျက်ရှိနေပြီဖြစ်ပါတယ်။ ယခုအခါ မြန်မာနိုင်ငံ၌လိုအပ်နေသော သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီကို ၁၉-၁၁-၂၀၁၈ ရက်နေ့မှာ ဖွဲ့စည်းထားရှိခဲ့ပြီးဖြစ်တဲ့ ကော်မတီမှတစ်ဆင့် ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းဆပ်ကော်မတီကို မြန်မာနိုင်ငံသံနှင့်သံမဏိအသင်း(MISA)နှင့် မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း(MSA)၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တက္ကသိုလ်များနှင့် နယ်ပယ်စုံမှကျွမ်းကျင်ပညာရှင်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့သဘာဝအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် မြန်မာနိုင်ငံ စက်မှုဆိုင်ရာစံချိန်စံညွှန်း(MIS)ကို

အမြန်ဆုံးပေါ်ပေါက်လာစေရေးအတွက် သံနှင့်သံမဏိပစ္စည်းဆိုင်ရာ နည်းပညာဆပ်ကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိနေပါတယ်။

နှစ်စဉ်ပြည်ပနိုင်ငံပေါင်း ၄၀ ကျော်မှ သံနှင့်သံမဏိပစ္စည်းမျိုးစုံကို မြန်မာနိုင်ငံရဲ့ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တင်သွင်းအသုံးပြုလျက်ရှိနေကြပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာပင် သံနှင့်သံမဏိဆောက်လုပ်ရေးတန်ချိန် ၁.၃၂၅ သန်း၊ တန်ဖိုးအားဖြင့် US ဒေါ်လာ ၆၄၆.၄၇ သန်းသုံးစွဲခဲ့ကြောင်း သိရှိရပါတယ်။ တန်ချိန်အများဆုံးဝယ်ယူအသုံးပြုခဲ့တဲ့ ပစ္စည်းတွေကတော့ Deformed Bar၊ Steel Sheet နဲ့ Section Steel တွေဖြစ်ပါတယ်။ Pipe နဲ့ Tube လည်းပါဝင်ပါတယ်။ လက်ရှိ ပြည်တွင်းတည်ဆောက်ရေးလုပ်ငန်းခွင်တွေမှာ အသုံးပြုနေကြတဲ့ ဆောက်လုပ်ရေးပစ္စည်းတွေက မြန်မာနိုင်ငံအဆောက်အဦများဆိုင်ရာ စည်းမျဉ်းဖြစ်တဲ့ (Myanmar National Building Code-MNBC)ပါ သတ်မှတ်ချက်များဖြင့် အသုံးပြုနေကြခြင်းလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနဲ့ ကဏ္ဍအလိုက်ပညာရှင်များမှ လက်တွေ့လုပ်ငန်းခွင်မှာ အသုံးပြုနေတဲ့ ACI ၊ ASTM တို့ကိုအခြေခံပြီး MNBC ကို ပြုစုခဲ့ခြင်းဖြစ်ပါတယ်။ ၎င်း MNBC ဟာ မြန်မာစံချိန်စံညွှန်းများ မပေါ်ပေါက်သေးမီကာလအတွင်းမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေကို စနစ်တကျလုပ်ဆောင်နိုင်ဖို့အတွက် ရည်ရွယ်ပြီးပြုစုထားခဲ့ခြင်းဖြစ်ပါတယ်။

သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီဟာ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းနဲ့ပူးပေါင်းပြီး ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အသုံးပြုမယ့် သံနှင့်သံမဏိတွေရဲ့ စံချိန်စံညွှန်းတွေကို တိကျစွာသတ်မှတ်နိုင်ဖို့အတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ ယခုအခါ Deformed Bar နဲ့သက်ဆိုင်သည့် စံချိန်စံညွှန်းမူကြမ်းကို Japanese Industrial Standard(JIS)ကိုအခြေခံကာ Myanmar Industrial Standard(MIS)ဖြင့် ရေးဆွဲလျက်ရှိသည့်အပြင် အခြားသံမဏိထုတ်ကုန်လေးမျိုးကိုပါ စံချိန်စံညွှန်းသတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။ အဲဒီလို သံနှင့်သံမဏိပစ္စည်းတွေရဲ့ စံချိန်စံညွှန်းများကို သတ်မှတ် တဲ့အခါမှာ စက်မှုဆိုင်ရာဂုဏ်သတ္တိ(Mechanical Properties)နှင့် ဓာတုပေါင်းစပ်ပါဝင်မှု (Chemical Composition)တို့ကိုအခြေခံပြီးတော့ စဉ်းစားဖို့လိုအပ်မှာဖြစ်ပါတယ်။ ၄-၂-၂၀၁၉ ရက်နေ့မှာ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီက

ဦးဆောင်ပြီး နိုင်ငံတကာသံနှင့်သံမဏိပစ္စည်းဆိုင်ရာ စံချိန်စံညွှန်းအကြောင်းအရာများ ဆွေးနွေးပွဲကို စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်၌ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီဆွေးနွေးပွဲကို Japan Iron and Steel Federation(JISF)မှ ပညာရှင်များ၊ Thailand Iron and Steel Institute(TISI)မှ ပညာရှင်များ၊ စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကြီးများပါ တက်ရောက်ခဲ့ကြပါတယ်။

ဆွေးနွေးပွဲရဲ့ရလဒ်အဖြစ် သံနှင့်သံမဏိကဏ္ဍမှာ မြန်မာနိုင်ငံစက်မှုဆိုင်ရာ စံချိန်စံညွှန်း(MIS) အမြန်ဆုံးပေါ်ထွက်လာဖို့ JISF မှ ကူညီထောက်ပံ့ပေးသွားမှာလည်း ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်(Cooperation Program)ကိုလည်း ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ခုနှစ်၊ ၂၀၂၁ ခုနှစ်အထိ သုံးနှစ်သတ်မှတ်ပြီး အကူအညီများပေးသွားမှာ ဖြစ်ပါတယ်။ ၎င်းအစီအစဉ်အရ သံနှင့်သံမဏိ စံချိန်စံညွှန်းမူကြမ်းများရေးဆွဲခြင်း၊ JIS ၏ လုပ်နည်းလုပ်ဟန်များအား မျှဝေပေးခြင်းနဲ့ သံနှင့်သံမဏိ ထုတ်ကုန်များ၏ အရည်အသွေးစစ်ဆေးခြင်းတို့ကို လေ့ကျင့်သင်ကြားပေးဖို့ ညှိနှိုင်းထားရှိပြီးလည်း ဖြစ်ပါတယ်။ ၁၁-၆-၂၀၁၉ ရက်နေ့နဲ့ ၁၂-၆-၂၀၁၉ ရက်နေ့တွေမှာ Cooperation Program အား ရှင်းလင်းခြင်းနဲ့ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများ၌ လက်ရှိကျင့်သုံးနေတဲ့ Industrial Standard များနှင့်စပ်လျဉ်းတဲ့ ဆွေးနွေးပွဲကိုလည်း ထပ်မံကျင်းပပြီးဖြစ်ပါတယ်။

အာဆီယံဒေသတွင်းနိုင်ငံများ၏ Steel Standard များကို သတ်မှတ်အသုံးပြုခဲ့တဲ့ဖြစ်စဉ်တွေကို နမူနာယူ၍ မြန်မာနိုင်ငံ၌ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းများရေးဆွဲနေဆဲကာလ၌ တည်ဆောက်ဆဲလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လက်ရှိအသုံးပြုနေတဲ့ ASTM Standards တွေကို အချိန်ကာလတစ်ခုအထိသာ ဆက်လက်အသုံးပြုဖို့ လိုအပ်မှာဖြစ်ပြီး မိမိဒေသသဘာဝနှင့် အနီးစပ်ဆုံးဖြစ်တဲ့ JIS စနစ်သို့ တဖြည်းဖြည်းချင်း၊ တစ်ဆင့်ချင်းကူးပြောင်းသွားကြရမှာဖြစ်ပါတယ်။ သို့မှသာ JIS ကိုအခြေခံတဲ့ မြန်မာသံမဏိဆိုင်ရာ စံချိန်စံညွှန်း MIS ကို အတည်ပြုတဲ့အချိန်မှာ ကြုံတွေ့လာနိုင်မယ့် အခက်အခဲတွေကို ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ လက်ရှိအချိန်၌ Deformed Bar ၏ စံချိန်စံညွှန်းမူကြမ်းမှာ သဘောထားမှတ်ချက်များရယူခြင်းအဆင့်(Enquiry Stage)သို့ရောက်ရှိနေပြီး အခြားသံမဏိထုတ်ကုန် လေးမျိုး၏စံချိန်စံညွှန်းမူကြမ်းများမှာလည်း ပြင်ဆင်ခြင်းအဆင့်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အဆိုပါသံမဏိထုတ်ကုန်ပစ္စည်းများ၏ စံချိန်စံညွှန်း

အတည်ပြုသတ်မှတ်ခြင်းအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအကုန်မှာ ပြီးစီးအောင်ဆောင်ရွက်သွားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန၊ အမျိုးသားစံချိန်စံညွှန်းကောင်စီနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ သံနှင့်သံမဏိဆိုင်ရာ ကုန်သွယ်မှုကဏ္ဍ၌ ဒေသတွင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်တဲ့အခါမှာ စံသတ်မှတ်ချက်များနှင့် အနီးစပ်ဆုံးတူညီမှုရှိစေရေးနှင့် သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေး၊ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ ရေမြေသဘာဝ၊ ရာသီဥတုနှင့်ကိုက်ညီမှုရှိတဲ့ မြန်မာ့စက်မှုဆိုင်ရာစံချိန်စံညွှန်း MIS ကို သတ်မှတ်အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေရှည်ပြည့်စုံကောင်းမွန်သော စံချိန်စံညွှန်းများဖြစ်စေရေးအတွက်လည်း JISF ၏အကူအညီဖြင့် အထောက်အပံ့များကိုယူကာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံ သံနှင့်သံမဏိပစ္စည်းများဆိုင်ရာစံချိန်စံညွှန်းအမြန်ဆုံးပေါ်ထွက်လာစေရေးအတွက်လည်း အမျိုးသားစံချိန်စံညွှန်းကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မင်းလှမြို့နယ်အတွင်းရှိ ပြည်ထဲရေးအမည်မပေါက်သေးသော မစိုးရိမ်ကျေးရွာ၊ စိန်သာယာကျေးရွာ၊ ဟိုင်းယုကျေးရွာ၊ ကြာပင်အိုင်ကျေးရွာ၊ အောင်ဆန်းမြိုင်ကျေးရွာ၊ ကြံတိုင်းအောင်ကျေးရွာ၊ သီဟိုဠ်မြိုင်ကျေးရွာ၊ ရွာသာယာကျေးရွာ(လက်ဆက်အုပ်စု)၊ ချမ်းမြေ့သာယာကျေးရွာ၊ ရွာသာယာကျေးရွာ (ဝက်လှကြီးအုပ်စု)၊ ကျွန်းကုန်းကျေးရွာများအား ပြည်ထဲရေးအမည်ပေါက်အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး

ဌာနနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျေးဇူးပြုပြီး Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အတွင်းမှာရှိတဲ့ အများနားလည်တဲ့စကားနဲ့ပြောရရင်တော့ ပြည်ထဲရေးအမည်ပေါက်။ အခုဆိုရင်တော့ တရားဝင်ကျေးရွာအမည်ပေါက်အဖြစ်ကျေးရွာ ၁၁ ရွာအား ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒါကတော့ မစိုးရိမ်ကျေးရွာပါ။ ဆင်တဲကုန်းအုပ်စုကပါ။ အိမ်ခြေ ၈၄ အိမ်ရှိပါတယ်။ အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၃၈၃ ယောက်ရှိပါတယ်။ ပေပင်တန်းကျေးရွာအုပ်စုက စိန်သာယာကျေးရွာပါ။ အိမ်ခြေ ၃၈ အိမ်၊ အိမ်ထောင်စု ၃၈ စု၊ လူဦးရေ ၁၆၅ ယောက်ရှိပါတယ်။ ရွှေးကုန်းကျေးရွာအုပ်စုက ဟိုင်းယုကျေးရွာပါ။ အခုနောက်ဆုံးစာရင်းတွေအရဆိုရင်တော့ အိမ်ခြေ ၁၃၀၊ အိမ်ထောင်စု ၁၃၅ စု၊ လူဦးရေ ၅၆၁ ယောက်ရှိပါတယ်။ အင်းဘုတ်ကုန်းကျေးရွာအုပ်စုက ကြာပင်အိုင် ကျေးရွာပါ။ အိမ်ခြေ ၁၀၁ အိမ်၊ အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၅၇၀ ရှိပါတယ်။ လှည်းပြင်တင်ကျေးရွာအုပ်စုက အောင်ဆန်းမြိုင်ကျေးရွာပါ။ အိမ်ခြေ ၁၂၄ အိမ်၊ အိမ်ထောင်စု ၁၂၈ စု၊ လူဦးရေ ၄၆၂ ယောက်ရှိပါတယ်။ လက်ဆက်ကျေးရွာအုပ်စုက ကြံတိုင်းအောင်ကျေးရွာလေးပါ။ အိမ်ခြေ ၃၃ အိမ်၊ အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၆၂ ယောက်ရှိပါတယ်။ လက်ဆက်ကျေးရွာအုပ်စုကပဲ သီဟိုဠ်မြိုင် ဆိုတဲ့ကျေးရွာလေးပါ။ အိမ်ခြေ ၇၀၊ အိမ်ထောင်စု ၇၀၊ လူဦးရေ ၁၂၀ ရှိပါတယ်။ ဘွတ်စိန်ပုကျေးရွာ အုပ်စုက ရွာသာယာကျေးရွာပါ။ အိမ်ခြေ ၁၀၈ အိမ်၊ အိမ်ထောင်စု ၁၀၈ စုနဲ့ လူဦးရေ ၃၉၈ ယောက် ရှိပါတယ်။ ဝက်လှကြီးကျေးရွာအုပ်စုက ချမ်းမြေ့သာယာဆိုတဲ့ရွာလေးပါ။ အိမ်ခြေ ၂၄ အိမ်၊ အိမ်ထောင်စု ၂၇ စု၊ လူဦးရေ ၈၀ ရှိပါတယ်။ မင်းလှနဲ့အနီးဆုံး ကြို့ကုန်း(၁)ကျေးရွာအုပ်စုက ရွာသာယာဆိုတဲ့ကျေးရွာလေးပါ။ အိမ်ခြေ ၈၀ ရှိပါတယ်။ အိမ်ထောင်စု ၉၀ နဲ့ လူဦးရေ ၃၅၉ ယောက် ရှိပါတယ်။ စမ်းဘုတ်ကျေးရွာအုပ်စုက ကျွန်းကုန်းဆိုတဲ့ကျေးရွာလေးပါ။ တောင်ပေါ်ရွာလေးလည်း ဖြစ်ပါတယ်။ များသောအားဖြင့် ကရင်လူမျိုးတွေပဲ နေထိုင်ကြပါတယ်။ တိုင်းရင်းသားတွေပါ။ အိမ်ခြေ ၇၁ အိမ်၊ အိမ်ထောင်စု ၇၄ စု၊ လူဦးရေ ၃၁၉ ယောက်ရှိပါတယ်။

လူထုတွေ့ဆုံပွဲတွေမှာလည်း တခြားလမ်းတွေ၊ ကျောင်းတွေ၊ ဆေးခန်းတွေ၊ မီးတွေတောင်းမနေဘဲနဲ့ ကျွန်တော်တို့ရွာလေးကို တရားဝင်ကျေးရွာအမည်ပေါက်ရရှိအောင် ဆောင်ရွက်ပေးပါလို့ တစ်ရွာလုံးက တောင်းဆိုတဲ့ရွာလေးပဲ ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှ

မဲဆန္ဒနယ်မှာရှိတဲ့ တရားဝင်ကျေးရွာအမည်မပေါက်သေးတဲ့ ကျေးရွာ ၁၁ ရွာကို တရားဝင်ကျေးရွာ အမည်ပေါက်ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြား၍တက်ရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်မြင့်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်က ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုဖို့ တင်ပြအပ်ပါတယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဆင်တဲကုန်းကျေးရွာအုပ်စု၊ မစိုးရိမ်ကျေးရွာဟာ အိမ်ခြေ ၈၅ အိမ်၊ လူဦးရေ ၁၈၅ ဦး၊ မြေဧရိယာ ၃၀ ဧက၊ မြေအမျိုးအစား လယ်မြေဖြစ်ပြီးတော့၊ လျှပ်စစ်မီးလင်းရေးဆောင်ရွက်ထားရှိပြီးတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၂၀ နဲ့ ဆင်တဲကုန်း၊ မစိုးရိမ်လမ်း၊ ဂဝံလမ်းခင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း မြေအမျိုးအစားကတော့ လယ်ယာမြေဖြစ်တဲ့အတွက် အခြားနည်းအသုံးပြုခွင့်ရရှိရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိပါက ကျေးရွာအမည်ပေါက်ရရှိရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါတယ်။

နောက် ပေပင်တန်းကျေးရွာအုပ်စု၊ စိန်သာယာကျေးရွာဟာလည်း အိမ်ခြေ ၃၈ အိမ်၊ လူဦးရေ ၁၆၅ ဦး၊ ဧရိယာ ၆.၉ ဧက၊ မြေအမျိုးအစား လယ်မြေပဲဖြစ်ပါတယ်။ အဲဒီမှာ တင်ပြပါအတိုင်း အ.မ.က ကျောင်းတစ်ကျောင်း၊ လျှပ်စစ်မီးလင်းရေးအတွက် ဓာတ်တိုင်များလည်း စိုက်ထူထားပါတယ်။ စိန်သာယာ-ပေပင်တန်းဆက်သွယ်ရတဲ့ကျေးလက်လမ်း ၂.၅ မိုင်ဆောင်ရွက်ပြီးတော့ ဒီမှာလည်း

လယ်ယာမြေဖြစ်တဲ့အတွက် အခြားနည်းအသုံးပြုခွင့်ရရှိရေးကို ဆောင်ရွက်ရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက် ရွှေးကုန်းကျေးရွာအုပ်စု၊ ဟိုင်းယုကျေးရွာဟာလည်း အမည်ပေါက်ရရှိရေးအတွက် သာယာဝတီခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တင်ပြလာတဲ့အမှုတွဲကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့အစည်းအဝေးဆုံးဖြတ်ချက်နဲ့ နိုင်ငံတော်သမ္မတရုံးကို ထောက်ခံတင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အင်းဘုတ်ကုန်းကျေးရွာအုပ်စု၊ ကြာပင်အိုင်ကျေးရွာဟာလည်း အိမ်ခြေ ၁၀၁ အိမ်၊ လူဦးရေ ၅၇၀ ဦး၊ မြေဧရိယာ ၂၀ ဧက၊ မြေအမျိုးအစား လယ်မြေဖြစ်ပါတယ်ခင်ဗျား။ အ.မ.က ကျောင်းတစ်ကျောင်းရှိပါတယ်။ လျှပ်စစ်မီးလင်းရေးအတွက်လည်း ဓာတ်တိုင်များစိုက်ထူထားပြီး ဖြစ်ပါတယ်။ အလားတူပဲ ရွာမြေဟာ လယ်ယာမြေဖြစ်နေတဲ့အတွက် အခြားနည်းအသုံးပြုခွင့်ရရှိရေးကိုဆောင်ရွက်ပြီးတော့မှ ကျေးရွာအမည်ပေါက်ရရှိရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လှည်းပြင်တင်ကျေးရွာအုပ်စု၊ အောင်ဆန်းမြိုင်ကျေးရွာဟာလည်း အိမ်ခြေ ၁၂၄ အိမ်၊ လူဦးရေ ၄၆၂ ဦး၊ ဧရိယာ ၁၀၀၀ ဧက၊ မြေအမျိုးအစားကတော့ မြေလွတ်၊ မြေရိုင်းဖြစ်ပါတယ်ခင်ဗျား။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ကျောင်း၊ လျှပ်စစ်မီးလင်းရေးစီမံကိန်းနှင့် ကိုယ်ထူကိုယ်ထ ကျေးလက်လမ်းဆောင်ရွက်ပြီးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မြေလွတ်၊ မြေရိုင်းစီမံခန့်ခွဲမှုဗဟို ကော်မတီရဲ့ခွင့်ပြုချက်ရရှိရေး တင်ပြသွားရမှာဖြစ်ပြီးတော့ ခွင့်ပြုချက်ရရှိပါက ကျေးရွာအမည်ပေါက်ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ဆက်လက်ပြီး လက်ဆက်ကျေးရွာအုပ်စု၊ ကြံတိုင်းအောင် ကျေးရွာဟာလည်း အိမ်ခြေ ၃၃ အိမ်၊ လူဦးရေ ၆၂ ဦး၊ မြေဧရိယာ ၅၈ ဧက၊ မြေအမျိုးအစားကတော့ စားကျက်မြေဖြစ်ပါတယ်။ စားကျက်မြေဖြစ်တဲ့အတွက်ကြောင့်လည်း ကျွန်တော်တို့ စားကျက်မြေပယ်ဖျက်ခွင့်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျေးလက်လမ်းများအနေနဲ့ ကိုယ်ထူကိုယ်ထကျေးလက်လမ်းရှိပါတယ်။ စားကျက်မြေပယ်ဖျက်ခွင့်ရရှိရေးအတွက်ကတော့ တင်ပြဆောင်ရွက်မယ်ဆိုရင် ကျေးရွာအမည်ပေါက်ရရှိရေးလည်း ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါတယ်။

နောက် လက်ဆက်ကျေးရွာအုပ်စု၊ သီဟိုဠ်မြိုင်ကျေးရွာဟာလည်း အိမ်ခြေ ၇၀ အိမ်၊ လူဦးရေ ၁၂၀ ဦး၊ မြေဧရိယာ ၇၀ ဧက၊ မြေအမျိုးအစားကလည်း မြေလွတ်၊ မြေရိုင်းဖြစ်ပါတယ်။ ကျေးလက်လမ်းများအနေနဲ့ ကိုယ်ထူကိုယ်ထကျေးလက်လမ်းများရှိပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီရဲ့ခွင့်ပြုချက်ရရှိရေးကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိခဲ့ရင် ကျေးရွာအမည်ပေါက်ရရှိရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဘွတ်စိန်ပုကျေးရွာအုပ်စု၊ ရွာသာယာကျေးရွာဟာလည်း အိမ်ခြေ ၁၀၈ အိမ်၊ လူဦးရေ ၃၉၈ ဦး၊ မြေဧရိယာ ၃၀ ဧက၊ မြေအမျိုးအစား လယ်မြေ ဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးအတွက် ဓာတ်တိုင်များစိုက်ထူထားပြီးဖြစ်ပါတယ်။ ကျေးရွာလမ်းများအနေနဲ့လည်း ကိုယ်ထူကိုယ်ထကျေးလက်လမ်းများရှိပါတယ်။ လယ်ယာမြေဖြစ်တဲ့အတွက်ကြောင့် အခြားနည်းအသုံးပြု၍ရရှိရေးကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိရင်တော့ ကျေးရွာအမည်ပေါက်ရရှိရေးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဝက်လှကြီးကျေးရွာအုပ်စု၊ ချမ်းမြေ့သာယာကျေးရွာဟာလည်း အိမ်ခြေ ၂၄ အိမ်၊ လူဦးရေ ၈၀ ဦး၊ မြေဧရိယာ ၅ ဧက၊ မြေအမျိုးအစားကတော့ စားကျက်မြေဖြစ်ပါတယ်။ ကျေးရွာမီးလင်းရေးအတွက် ဓာတ်တိုင်များစိုက်ထူထားပြီး ဖြစ်ပါတယ်။ စားကျက်မြေပယ်ဖျက်ခွင့်ရရှိရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ခွင့်ပြုချက်ရရှိရင် ကျေးရွာအမည်ပေါက်ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ကြို့ကုန်း(၁)ကျေးရွာအုပ်စု၊ ရွာသာယာကျေးရွာဟာလည်း အိမ်ခြေ ၈၅ အိမ်၊ လူဦးရေ ၃၅၀ ဦး၊ မြေဧရိယာ ၄ ဧက၊ မြေအမျိုးအစား လယ်မြေဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၁၅ သိန်းနဲ့ ရွာသာယာမြောက်ဘက်တန်းလမ်း ၈၀ ခင်းခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ယာမြေဖြစ်တဲ့အတွက် အခြားနည်းအသုံးပြု၍ရရှိရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခွင့်ပြုချက်ရရှိရင် ကျေးရွာအမည်ပေါက်ရရှိရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ကျွန်းကုန်းကျေးရွာလည်း အိမ်ခြေ ၇၂ အိမ်၊ လူဦးရေ ၂၇၈ ဦး၊ မြေဧရိယာ ၁.၇၅ ဧက၊ မြေအမျိုးအစား လယ်မြေဖြစ်ပြီးတော့ ကိုယ်ထူကိုယ်ထကျေးလက်လမ်းတစ်လမ်းနှင့် သစ်သားတံတား

တစ်စင်းရှိပါတယ်။ လယ်ယာမြေဖြစ်တဲ့အတွက် အခြားနည်းအသုံးပြုခွင့်ရရှိရေးကို တင်ပြဆောင်ရွက်မည်ဖြစ်ပြီးတော့ ခွင့်ပြုချက်ရရှိရင် ကျေးရွာအမည်ပေါက်ရရှိရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အဆိုပါကျေးရွာ ၁၁ ရွာအနက် ရွှေးကုန်းကျေးရွာအုပ်စုအတွင်းပါဝင်ဖွဲ့စည်းမယ့် ဟိုင်းယုကျေးရွာကိုတော့ သစ်တောကြိုးဝိုင်းထဲမှာဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနှင့်အညီပယ်ဖျက်ပြီး ဖြစ်တဲ့အတွက်ကြောင့် အမည်ပေါက်ကျေးရွာဖြစ်စေရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် နိုင်ငံတော်သမ္မတရုံးသို့ ထောက်ခံတင်ပြနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဟိုင်းယုကျေးရွာမှအပ ကျန် ၁၀ ရွာကတော့ တင်ပြပါအတိုင်း လယ်ယာမြေ၊ စားကျက်မြေနှင့်မြေလွတ်၊ မြေရိုင်းအမျိုးအစားများဖြစ်ပါတယ်။ လယ်ယာမြေမှာရှိတဲ့ ကျေးရွာသစ်များကိုတော့လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ လယ်ယာမြေက အခြားနည်းဖြင့် အသုံးချခွင့်ရယူပြီးတော့လည်းကောင်း၊ စားကျက်မြေအတွင်းတည်ရှိတဲ့ ကျေးရွာသစ်များကိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနရဲ့ စားကျက်မြေပယ်ဖျက်ခွင့်ရယူပြီးလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင်တည်ရှိတဲ့ ကျေးရွာသစ်များကိုတော့ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၁၇ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ခွင့်ပြုချက်များရရှိပြီးမှသာ ကျေးရွာများဖွဲ့စည်းရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ အရ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်မှ နိုင်ငံတော်သမ္မတထံထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကနေပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနကို ကျွန်တော်တို့ လွှဲပြောင်းပေးပို့တာဝန်ပေးအပ်လာရင် တရားဝင် ပြန်တမ်းဝင်ကျေးရွာများအဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းပါပဲ။ ယခင်ကတော့ ပြည်ထဲရေးအမည်ပေါက်လို့ သုံးခဲ့ပါတယ်ခင်ဗျား။ နိုင်ငံတော်သမ္မတကြီးကိုယ်စား ဆောင်ရွက်ပေးရတဲ့ **Focal Ministry** က ပြည်ထဲရေးဖြစ်ပြီးတော့ အဓိကလုပ်ငန်းတာဝန်များဆောင်ရွက်ပေးရတာက ထွေ/အုပ်က ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိလို့ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့ကစပြီးတော့မှ

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြည်ထဲရေးဝန်ကြီးဌာနအောက်ကနေပြီးမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနကို ပြောင်းရွှေ့လာပြီးဖြစ်တဲ့အတွက်ကြောင့် ကျေးရွာများကို ပြည်ထဲရေးအမည်ပေါက်လို့ခေါ်မယ့်အစား တရားဝင်ကျေးရွာများ၊ (Deserted Valley)ပြန်တမ်းဝင်ကျေးရွာများဖြစ်ရေးအတွက်ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြစ်သဲကျောက် ထုတ်ယူခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ စည်းကမ်းဖောက်ဖျက်ခြင်းများအား အရေးယူရာတွင် မော်တော်သားများသာမက တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် မော်တော်ပိုင်၊ ကျောက်လုပ်ငန်းဥက္ကဋ္ဌများကိုပါ စီမံခန့်ခွဲမှုနည်းလမ်း၊ ဥပဒေကြောင်းများနှင့်အရေးယူရန် အစီအစဉ်ရှိ/မရှိနှင့် လုပ်ပိုင်ခွင့်အလွဲသုံးစားလုပ်သော ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များအား အရေးယူရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာထွန်းလင်းမော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာထွန်းလင်းမော်(ကြံခင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယနေ့မှာ မြစ်သဲကျောက်ထုတ်ယူခြင်းလုပ်ငန်းများအား သတ်မှတ်စည်းကမ်းများနှင့်အညီထုတ်ယူရန် မည်ကဲ့သို့စီမံဆောင်ရွက်နေခြင်းအား သက်ဆိုင်ရာဝန်ကြီးဌာနအား မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါကိစ္စနဲ့ပတ်သက်လို့ ဧရာဝတီမြစ်အတွင်းမှ မြစ်သဲကျောက်ထုတ်ယူခြင်းလုပ်ငန်းလိုင်စင်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်လုပ်ခွင့်ပေးထားတယ်လို့ သိရှိရပါတယ်။ သို့သော်လည်းပဲ လုပ်ငန်းရှင်အချို့ရဲ့ စည်းကမ်းဖောက်ဖျက်မှုများနဲ့ သက်ဆိုင်ရာဌာနအဆင့်ဆင့်ရဲ့ ကြီးကြပ်မှုအားနည်းခြင်းတို့ကြောင့် ဧရာဝတီမြစ်ရဲ့သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ အထူးသဖြင့် မြစ်ကမ်းပါးပြိုခြင်းကိစ္စများ ဖြစ်ပွားရပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်ကမ်းပါးပြို

ခြင်းဟာ ကျောက်စုပ်ခြင်းတစ်ခုတည်းကြောင့်မဟုတ်သော်လည်းပဲ စည်းကမ်းမဲ့ကျောက်စုပ်ခြင်းကတော့ ကမ်းပြိုရတဲ့အကြောင်းရင်းတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ကြံခင်းမြို့နယ်အနေနဲ့ ကမ်းပြိုမှုများကြောင့် လုပ်ကွက်ချမပေးသော်လည်းပဲ ပြည်ခရိုင်မှ လုပ်ကွက်တွေချပေးတဲ့အတွက်ကြောင့် ကြံခင်းမြို့နယ်အတွင်းမှာရှိတဲ့ ရေလယ်ကျွန်းကျေးရွာရဲ့ အိမ်ခြေ ၁၅၀ ကျော်ရွှေ့ပြောင်းပေးခဲ့ရပြီးတော့ ကမ်းပြိုတဲ့အထဲပါသွားပြီး ကိုင်းမြေဧကများစွာ ဆုံးရှုံးခဲ့ရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာအဆင့်ဆင့်ကို တိုင်ကြားပြီးဆောင်ရွက်ခဲ့မှုကြောင့် စည်းကမ်းမဲ့ကျောက်စုပ်မှုတွေ တစ်နှစ်ခန့်ရပ်နားသွားခဲ့ပါတယ်။ ယခုအခါ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်နဲ့ ရွှေတောင်မြို့နယ်မှ ကျောက်စုပ်မော်တော်တွေဟာ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအကြောင်းပြပြီးတော့ လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်နေပါတယ်။ ပြည်ခရိုင်၊ မြစ်ကြောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို စုံစမ်းကြည့်ရာ သတ်မှတ်ကျောက်ကွက်များမဟုတ်ကြောင်းလည်း သိရှိရပါတယ်။

ပိုမိုရှင်းလင်းစေရန် ကျွန်တော့်အား Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ သမိုင်းဝင်အကောက်တောင်ဘုရားဝန်းကနေပြီးတော့ ထုံးဘိုဘက်က ကျောက်စုပ်တဲ့ပုံတွေကို ရိုက်ထားတာပါ။ ဒါလည်းပဲ အကောက်တောင်ပေါ်ကနေပြီးတော့ ပုံကြီးချဲ့ရိုက်ထားတာပါ။ အကောက်တောင်နဲ့ ကျောက်စုပ်မော်တော်တွေရဲ့ နည်းကပ်မှုကို ဖော်ပြထားတာပါ။ သမိုင်းဝင်အကောက်တောင်က နံရံကပ်ဘုရားတွေကိုတောင် ဖူးတွေ့နိုင်တဲ့အနေအထားမျိုးပါ။ ရွှေတောင်မြို့နယ်က ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ကျောက်စုပ်နေတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ ကမ်းပြိုသွားတဲ့ ရေလယ်ကျွန်းကျေးရွာမှာ ဟသ်ာတခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီးတော့ ထောက်ပံ့ငွေနဲ့ အထောက်အပံ့ပစ္စည်းတွေ ပေးအပ်နေတာပါ။ နောက်ထပ် အိမ်ခြေ ၄၅ အိမ်ထပ်ပြီးတော့ အိမ်ပေါင်း ၁၉၅ အိမ် တစ်အိမ်ထောင်ကို ပြောင်းရွှေ့စရိတ် တစ်သိန်းနှုန်း ဆန်ဖိုးတစ်ပတ်စာနဲ့ ပစ္စည်း ၁၂ မျိုးပါတဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ ပေးအပ်ခဲ့တာပါ။ ဒါကတော့ ရေလယ်ကျွန်းရွာရဲ့ မူလရွာလယ်လမ်းတွေနေရာ ဖြစ်ပါတယ်။ ညာဘက်တစ်ခြမ်းလုံးကတော့ ကမ်းပြိုထဲကို ပါသွားပြီဖြစ်ပါတယ်။

ဒါကတော့ ရေလယ်ကျွန်းရွာရဲ့ လက်ရှိကမ်းပါးအခြေအနေဖြစ်ပါတယ်။ ဒါကတော့ ကြံခင်းမြို့ရဲ့ ကျောက်စီရေထိန်းနံရံဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တည်ဆောက်ခဲ့ပါတယ်။ ကျပ်သိန်း ၂၅၀၀ ကုန်ကျမှုရှိပါတယ်။ ပေ ၃၀၀ ရှိပါတယ်။ တစ်မြို့လုံးအတွက်ဆိုရင် ဒါမျိုးသုံးခုလိုပါတယ်။

ရန်ပုံငွေအရ တစ်ခုပဲ ယခုနှစ်ဆောက်နိုင်တာ ဖြစ်ပါတယ်။ ကျင်း ၁၀၀၀၀ ထုတ်ဖို့ ကျောက်ကွက် တစ်ကွက်ကို ဂရန်ပေးမယ်ဆိုရင် တစ်ကျင်းကို ၂၅၀၀ နှုန်းနဲ့ သိန်း ၂၅၀ ပဲရပါမယ်။ နှိုင်းယှဉ်သိရှိနိုင် ရန်အတွက် တင်ပြခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခွန်အခရရှိရေးတစ်ခုတည်းကို ဦးတည်ပြီးတော့ ကျောက်စုပ်လုပ်ငန်းတွေကို ခွင့်ပြုမယ်ဆိုပါက ကမ်းပြိုခြင်းကြောင့် ဒေသခံပြည်သူ များရဲ့ နစ်နာဆုံးရှုံးမှု၊ နိုင်ငံတော်မှနစ်နာဆုံးရှုံးမှုများအတွက် ထောက်ပံ့ပေးအပ်မှုများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါတယ်။ အထက်ပါအချက်တွေကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအား အောက်ဖော်ပြပါမေးခွန်းများအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (၁)သတ်မှတ် ကျောက်ကွက်နေရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်မှုရှိ/မရှိ၊ (၂) သတ်မှတ်အလုပ်ချိန် ဥပမာ- မနက်ခြောက်နာရီမှ ညနေခြောက်နာရီနှင့်အညီ ဆောင်ရွက်ခြင်းရှိ/မရှိ၊ (၃) သတ်မှတ်သည့်ပမာဏအတိုင်း ထုတ်ယူခြင်းရှိ/မရှိ၊ (၄) စည်းကမ်းဖောက်ဖျက်မှုများအား အရေးယူရာတွင် မော်တော်သားများကိုသာမက တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် မော်တော်ပိုင်များ၊ ကျောက်လုပ်ငန်းဥက္ကဋ္ဌများကိုပါ စီမံခန့်ခွဲမှုနည်းလမ်း၊ ဥပဒေနည်းလမ်းများနှင့်အရေးယူရန် အစီ အစဉ်ရှိ/မရှိ၊ (၅) လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်၍ခွင့်ပြုသော ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင် များအား အရေးယူရန် အစီအစဉ်ရှိ/မရှိတို့ကို ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်ကပဲ ဆက်လက်ပြီးတော့ ဖြေဆိုခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။ ကျွန်တော့်ဖြေဆိုချက်ကို Power Point အသုံး ပြုခွင့်ပြုဖို့အတွက် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေနဲ့ တွင်းထွက်စက်မှုကုန်ကြမ်းအဆင့်နှင့် အလှဆင်ကျောက်အဆင့်မှာ ပါဝင်ခြင်းမရှိတဲ့ ဓာတ်သတ္တုပစ္စည်းများ ထုတ်လုပ်ခွင့်ကို ၁၈၇၆ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်အက်ဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)၊ ၁၈၈၉ ခုနှစ်၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စာရင်းများဥပဒေပုဒ်မ ၃၁ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၂)နှင့် ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြို့နဲ့ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(က)တို့အရ ခွင့်ပြုချထားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်း ၂၀၁၈-၂၀၁၉ ခုနှစ် လုပ်ငန်းရာသီနှစ်အတွက် မြစ်သဲကျောက်စရစ် ထုတ်လုပ်ခွင့် ရရှိရန် လျှောက်ထားမှုများအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ မြစ်သဲကျောက်ထုတ်လုပ်ခွင့်ပြုသင့်ကြောင်း သဘောထားမှတ်ချက်နှင့်အတူ မြစ်သဲကျောက်စရစ်အမှုတွဲများဖွင့်လှစ်ပြီးတော့ ကန့်ကွက်လွှာခေါ်ယူခြင်း၊ လျှောက်ထားသူပတ်ဝန်းကျင်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ရဲ့ အတည်ပြုခွင့်ပြုချက်တင်ပြတောင်းခံပြီးတော့ တရားဝင်ခွင့်ပြုလုပ်ငန်းလိုင်စင်များကို ချထားပေးခဲ့ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထိုကဲ့သို့ ခွင့်ပြုချက်ရရှိပြီးသော မြစ်သဲကျောက်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းရှင်များမှာ ပြည်ခရိုင်အတွင်း ပြည်မြို့နယ်တွင် သုံးဦး၊ ပန်းတောင်းမြို့နယ်တွင် ၁၆ ဦး၊ ရွှေတောင်မြို့နယ်တွင် ၁၃ ဦး စုစုပေါင်း ၃၂ ဦးရှိပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်တွင် ဧရာဝတီမြစ်အတွင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သဘောထားမှတ်ချက်ပေးထားတဲ့ မြစ်ကျောက်လုပ်ကွက်အမှတ်(၆)နှင့် မြစ်၊ သဲလုပ်ကွက်စမ်းသပ်(၁) စုစုပေါင်း နှစ်ကွက်သာရှိပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်မှ နာယကအဖြစ်ပါဝင်ပြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ တိုင်းဒေသကြီး မြစ်၊ သဲ၊ ကျောက်၊ အုတ် ထုတ်လုပ်ခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းထားရှိသကဲ့သို့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်ဆင့် မြစ်သဲကျောက်၊ အုတ် ထုတ်လုပ်ခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီများကိုလည်း ဖွဲ့စည်းထားရှိပြီး သဲကျောက်ထုတ်လုပ်မှုနှင့် ပတ်သက်၍ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထုတ်လုပ်ခြင်းရှိ/မရှိကို တစ်လတွင်နှစ်ကြိမ်ခန့် ပုံမှန်ကွင်းဆင်းစစ်ဆေးကြပ်မတ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီးအတွင်း၊ မြစ်ချောင်းများအတွင်း၊ သဲကျောက်များ ထုတ်လုပ်မှုနှင့်ပတ်သက်၍ သဘောထားမှတ်ချက်များပြန်ကြားရာတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံးမှထုတ်ပြန်ထားသည့် Standard Operating Procedure (SOP) လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ မြစ်ချောင်းများအတွင်း သဲကျောက်ထုတ်လုပ်သူများအနေနှင့် သတ်မှတ် စည်းကမ်းချက်များနှင့်အညီဆောင်ရွက်ရေး၊ တရားမဝင်ထုတ်လုပ်မှုမရှိစေရေးတို့အတွက် ဟင်္သာတ ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ဦးဆောင်ပြီးတော့ သက်ဆိုင်ရာဌာနများပါဝင်တဲ့ မြစ်ချောင်းများအတွင်း သဲကျောက်များ စည်းကမ်းတကျထုတ်လုပ်မှုကြီးကြပ်ရေးနှင့် ဖမ်းဆီးရေးအဖွဲ့ များကို ၂၀၁၉ ခုနှစ်၊ မေလတွင် ဖွဲ့စည်းထားပါကြောင်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှလည်း ၎င်းတို့ဌာနရဲ့ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သတ်မှတ်အလုပ်ချိန် ဥပမာ၊ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိနှင့်အညီဆောင်ရွက်ခြင်းရှိ/မရှိကိုလည်း ဖွဲ့စည်းထားရှိတဲ့ရပ်ကွက်၊ ကျေးရွာအဆင့် ကော်မတီဝင်များမှ စောင့်ကြည့်၍ အချိန်ပိုမိုထုတ်ယူခြင်းအပေါ် တားဆီးခြင်း၊ သက်ဆိုင်ရာဌာန အဆင့်ဆင့်သို့ သတင်းပေးပို့ခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ သတ်မှတ်တဲ့ပမာဏအတိုင်း ထုတ်ယူခြင်းရှိ/မရှိကိုလည်း တိုင်းဒေသကြီးအဆင့်မှ ခရိုင်၊ မြို့နယ်အောက်ခြေရပ်ကွက်၊ ကျေးရွာအထိ မြစ်သဲကျောက်၊ အုတ်ထုတ်လုပ်ခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအသီးသီးကို ဖွဲ့စည်းထားရှိပြီး ဖြစ်တဲ့အတွက် စောင့်ကြည့်စစ်ဆေးလျက်ရှိပြီးတော့ ပိုမိုထုတ်လုပ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါက အဆိုပါလုပ်ကွက်များကို ရပ်ဆိုင်းစေ၍ ပိုမိုထုတ်လုပ်ခဲ့သောပမာဏအား သတ်မှတ်နှုန်းထားများ အတိုင်း အခွန်ငွေပေးဆောင်စေခြင်းများဆောင်ရွက်ခဲ့ပါတယ်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ခွင့်ပြုတဲ့ လုပ်ကွက် တည်နေရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်စေရေး၊ သတ်မှတ်အလုပ် ရှင်နှင့်အညီဆောင်ရွက်စေရေး၊ သတ်မှတ်ပမာဏအတိုင်းထုတ်ယူစေရေး၊ တရားမဝင်တူးဖော် ထုတ်လုပ်ခြင်းများမရှိစေရေးအတွက် ခရိုင်၊ မြို့နယ် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့နှင့် ဖမ်းဆီးမှုအဖွဲ့တို့ ဖြင့် ကွင်းဆင်းစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ တရားမဝင်ဆောင်ရွက်မှုများ၊ စည်းကမ်းဖောက်ဖျက်မှုများရှိပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့

တည်ဆဲဥပဒေနှင့်အညီ အရေးယူစေခြင်း၊ လုပ်ငန်းစည်းကမ်းဖောက်ဖျက်သူအား လုပ်ငန်းပိတ်သိမ်းစေ၍ အမည်ပျက်စာရင်းကြေညာခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် ၁၈၇၆ ခုနှစ်၊ မြန်မာနိုင်ငံမြေနှင့်အခွန် နည်းဥပဒေ အပိုဒ် ၁၀၇ အပိုဒ်ခွဲ(ဈ)အရလည်းကောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိပြီးတော့ ၂၀၁၈ ခုနှစ်အတွင်း ဇလွန်မြို့နယ်၊ လေးမျက်နှာမြို့နယ်နှင့် ဝါးခယ်မမြို့နယ်တို့မှ မြစ်သဲကျောက်လုပ်ငန်းရှင်သုံးဦးကို တရားစွဲဆိုခြင်း၊ ဒဏ်ငွေပေးဆောင်စေခြင်း၊ နာမည်ပျက်စာရင်းကြေညာခြင်း စသည်တို့ဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း တင်ပြခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မြစ်သဲကျောက်တူးဖော်လုပ်ကိုင်ခြင်းနဲ့ပတ်သက်ပြီး စည်းကမ်းဖောက်ဖျက်ပါက မော်တော်လုပ်သားများသာမက မော်တော်ပိုင်ရှင်နှင့် လုပ်ကွက်ပိုင်ရှင်တို့ကိုပါ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၈ ခုနှစ်အတွင်း ဟင်္သာတမြို့နယ်မှ မော်တော်ပိုင်ရှင်၊ မော်တော်ဦးစီးတို့အား အရေးယူဆောင်ရွက်မှုအနေဖြင့် ခုနစ်မှုဖမ်းဆီးတရားစွဲဆိုနိုင်ပြီးတော့ အမှုသုံးမှုပြီးပြတ်ခဲ့ပြီးဖြစ်ပါတယ်။ မြစ်သဲကျောက်တူးဖော်ခြင်းနှင့်ပတ်သက်၍ ခွင့်ပြုလိုင်စင်များထုတ်ပေးရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ တိကျစွာလိုက်နာဆောင်ရွက်ရန် ဆက်စပ်ဌာနများရဲ့ သဘောထားမှတ်ချက်၊ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်များရယူဆောင်ရွက်သွားရန် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်မညီသော လုပ်ငန်းများအား လိုင်စင်ထုတ်ပေးခြင်းမပြုရန်၊ တရားမဝင်ဆောင်ရွက်ခြင်းမပြုရန်နှင့် မမှန်မကန်ပြုလုပ်ကြောင်း စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူသွားမည်ဖြစ်ပြီးတော့ အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးချုပ်မှ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ ၂၁-၉-၂၀၁၈ ရက်စွဲပါစာဖြင့် ညွှန်ကြားထားခဲ့ပြီးဖြစ်ပါတယ်။

လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်သော ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များအား အရေးယူခြင်းနှင့်ပတ်သက်၍ လေးမျက်နှာမြို့နယ်၊ သဲနုကုန်းအုပ်စု၊ ထုံးဘိုကျေးရွာမှာ အခွန်တိမ်းရှောင်၍ ချောင်းကျောက် ၂၅၃၇ ကျင်း တရားမဝင်ထုတ်လုပ်ရောင်းချခဲ့မှုတွင် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလုပ်ခဲ့သော သဲနုကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးချိုထွန်းနဲ့ ကညင်ခိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်တို့နှစ်ဦးကို ခရိုင်အုပ်ချုပ်ရေးမှူးမှ သတိပေးဆုံးမ၍ မှတ်တမ်းတင်

ထားရှိရန် ၂၃-၁-၂၀၁၉ ရက်နေ့မှာကျင်းပတဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉)ဆုံးဖြတ်ချက်အရ ၈-၂-၂၀၁၉ ရက်နေ့မှာ ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်းမှာ အဆိုပါ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား နောက်နောင် ထပ်မံမဖြစ်ပွားစေရေးအတွက် သတိပေးဆုံးမပြီး ခံဝန်ကတိပြုလက်မှတ်များ ရေးထိုးစေခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စည်းကမ်းပျက် ကျောက်စုပ်မှုများနဲ့ပတ်သက်၍ စည်းကမ်းဖောက်ဖျက်ခြင်းများအား အရေးယူဆောင်ရွက်နိုင်ရန်အတွက် ဧရာဝတီမြစ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရေကြောင်းရဲတပ်ဖွဲ့အား တာဝန်ပေးအပ်ထားပါတယ်။ မြစ်သဲကျောက်လုပ်ငန်းရှင်များအနေဖြင့် ကျူးကျော်စုပ်ယူခြင်း၊ စည်းကမ်းမဲ့စုပ်ယူခြင်းများ တွေ့ရှိရပါက ရဲစခန်းသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ပါရန်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ချက်ချက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပြီးတော့ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မြစ်သဲကျောက်ထုတ်လုပ်ရာမှာ လိုက်နာရမယ့်စည်းကမ်းချက်များကိုလည်း လုပ်ငန်းရှင်များ အသိပေးညွှန်ကြားထားပြီးဖြစ်ပါတယ်။ တိုင်ကြားမှုများပေါ်ပေါက်လာပါက မှန်ကန်မှုရှိ/မရှိ စုံစမ်းစစ်ဆေးရေးအဖွဲ့များဖွဲ့စည်းစိစစ်စေပြီး တိုင်းဒေသကြီး/ခရိုင်/မြို့နယ် မြစ်သဲကျောက်ထုတ်လုပ်မှု ကြီးကြပ်ရေးကော်မတီများရဲ့ဆုံးဖြတ်ချက်များဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ သက်ဆိုင်ရာမြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု ကော်မတီအဆင့်ဆင့်မှ ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီး မြစ်သဲကျောက်ထုတ်လုပ်မှုကြီးကြပ်ရေးကော်မတီသို့ လစဉ်တင်ပြဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒေသန္တရအုပ်ချုပ်ရေးအာဏာပိုင်များအနေဖြင့် အလွဲသုံးစားပြုလုပ်မှုများ ပေါ်ပေါက်ပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ပေါင်းစပ်ဖြေကြားချက်များအား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာထွန်းလင်းမော်(ကြံခင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့် အနေနဲ့ လိုအပ်တဲ့ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဝန်ကြီးဖြေတာတော့ အကုန်ပြည့်စုံပါတယ်။ လက်တွေ့မြေပြင်မှာတော့ အခက်အခဲရှိနေတာပါ။ ကျွန်တော်ရိုက်ပြတဲ့ ဓာတ်ပုံတွေဟာဆိုရင် ဒါ လေးရက်မြောက်လောက် ဒီဘက်ကလှမ်းပြီးတော့ အုပ်ချုပ်ရေးအချင်းချင်း အကြောင်းကြားလိုက်၊ ပြန်ခွာသွားလိုက်၊ နောက်နေ့ပြန်လာဆုတ်လိုက်၊ နောက်နေ့ပြန်ခွာသွားလိုက် အဲဒီလိုဖြစ်နေတဲ့ အနေအထားတွေပါ။ ဒါဟာ အောက်ခြေမှာ ရေကြောင်းရဲတပ်ဖွဲ့ကို တာဝန်ပေး ထားတယ်ဆိုသော်လည်းပဲ တကယ်ကျတော့လည်း တာဝန်ရှိတဲ့လူတွေကိုခေါ်တဲ့အခါမှာ အခက်အခဲ ရှိပါတယ်။ အဲဒီလိုကိစ္စတွေအတွက်ကိုရော ဝန်ကြီးဌာနအနေနဲ့ အခုနောက်ပိုင်းမှာ ပိုမိုမြန်ဆန် သွက်လက်ဖို့အတွက်ကို တိတိကျကျဆောင်ရွက်နိုင်ဖို့အတွက်ကို ဘယ်လိုစီမံထားလဲဆိုတာလေးကို ကျွန်တော်တိတိကျကျသိချင်တဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ မြစ်ချောင်းများပျက်စီးမှု၊ သဲ၊ ကျောက်စရစ်၊ ရွှံ့စေးပါ ပါဝင်ပါတယ်ခင်ဗျ။ ရွှံ့စေးတူးတာလည်း တွံတေးဘက်ဆိုရင် အုတ်ဖုတ်ဖို့အတွက်၊ စဥ့်အိုးလုပ်ဖို့ အတွက် ရွှံ့တူးလိုက်ပေါ့။ ဒါတွေလည်းကျွန်တော်တို့က သက်ဆိုင်ရာ Task Force တွေနဲ့ ဆောင်ရွက် ပေးလျက်ရှိပါတယ်။ သို့သော်လည်း မြစ်ချောင်းတစ်လျှောက်ကို ကျွန်တော်တို့ စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုနိုင်ဖို့မရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒီမြစ်ထဲမှာသွားလာနိုင်တဲ့ ရေကြောင်း ရဲတပ်ဖွဲ့ကို တာဝန်ပေးတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ပွင့်လင်းမြင်သာ စွာနဲ့ သက်ဆိုင်ရာအဖွဲ့တွေကိုတိုင်ကြားနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ထုတ်ပြန်ကြေညာထားတာ ရှိပါတယ်။ အဲဒီအပေါ်မှာကျွန်တော်တို့ ဒီဌာနတင်မကပါဘူး။ အုတ်၊ သဲ၊ ကျောက်၊ ကျောက်စရစ် ထုတ်လုပ်မှုနဲ့ပတ်သက်ပြီးတော့ ပွင့်လင်းမြင်သာစွာရှိဖို့ရယ်၊ တစ်ဖက်မှာလည်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှု၊ မြစ်တွေ၊ ချောင်းတွေ မပျက်စီးအောင် ထိန်းသိမ်းဖို့အတွက် တစ်ဖက်မှာလည်း ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး မြို့နယ်၊ ခရိုင်များက ပြည်သူလူထုကို Public Awareness နဲ့ ပညာပေးတာ

ရှိသလို တစ်ဖက်မှာလည်း ကျွန်တော်တို့ သတင်းများရရင်တိုင်ကြားဖို့ပါ ဖွင့်ပေးထားပါတယ်။ ပွင့်ပွင့်လင်းလင်းတင်ပြရရင်တော့ တချို့မြို့နယ်အုပ်ချုပ်ရေးမှူးတွေ မြစ်၊ သဲ၊ ကျောက်ကိစ္စနဲ့ အရေးယူခံရတာတွေ အများကြီးရှိပါတယ်။ ပြီးခဲ့တဲ့နှစ်လလောက်ကဆိုရင် သာယာဝတီမြို့နယ် အုပ်ချုပ်ရေးမှူးဆိုရင် မြစ်၊ သဲ၊ ကျောက်လိုင်စင်နဲ့ပတ်သက်ပြီးတော့မှ အဆင့်ဆင့်တိုင်ကြားတဲ့ အတွက်ကြောင့် ကျွန်တော်တို့ဌာနတင်မကဘူး။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကပါ အရေးယူလို့ သာယာဝတီမြို့နယ်အုပ်ချုပ်ရေးမှူး အရေးယူခံရတာရှိပါတယ်။ နောက် ပြီးခဲ့တဲ့လက ဆိုရင်လည်းပဲ တွံတေးမြို့နယ်အုပ်ချုပ်ရေးမှူးအား လိုင်စင်ကိစ္စတွေ၊ အခွန်ကိစ္စတွေအပေါ်မှာ အရေးယူတာရှိပါတယ်။ ဒါကြောင့်မို့လည်း ဒီပေါ်မှာ ထပ်ဆင့်ညွှန်ကြားခြင်း၊ ကြပ်မတ်ခြင်းများနဲ့အတူ တစ်ဖက်မှာ ဒီအခွန်ကိစ္စများ တရားမဝင်ဖြစ်လာရင် ကျွန်တော်တို့ဌာနတင်မဟုတ်ဘဲနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နဲ့ ကျွန်တော်တို့ ပူးပေါင်းပြီးတော့မှ CPU အဖွဲ့တွေဖွဲ့ပြီးတော့၊ ကြပ်မတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြပါအတိုင်း ကျွန်တော်တို့ ဒီထက်ပိုပြီးတော့ဆောင်ရွက်နိုင်ဖို့အတွက်ကို Corruption Protection Unit နဲ့ ကျွန်တော်တို့ လက်တွဲပြီးတော့မှ အထူးသဖြင့် မြစ်၊ ချောင်းများပျက်စီးမှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ဆက်လက်ပြီးတော့ ပူးပေါင်းကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**မြေပုံမြို့နယ်၊ ကုတ္တိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် မြောက်ဦးခရိုင် စီမံခန့်ခွဲရေး ကော်မတီနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့မှ တိုက်ရိုက်ဝင်ရောက်၍ အုပ်ချုပ်ရေးမှူးအား တာဝန်မှ ရပ်စဲခြင်း၊ ခန့်အပ်ခြင်းတို့ပြုလုပ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ဒီမေးခွန်းကတော့ ကျွန်တော် နဝမအကြိမ်ကဆိုတော့ တစ်နှစ်လောက်ရှိပါပြီ။ မြေပြင်အခြေအနေတွေကလည်း ပြောင်းလဲကုန်ပါပြီ။ ဒါပေမဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဒီလိုလာရောက် ဖြေကြားတဲ့အပေါ်မှာ အထူးပဲကျေးဇူးတင်ပါတယ်။

လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဖြစ်စဉ်က မြေပုံမြို့နယ် ကုက္ကိုကျေးရွာ အုပ်ချုပ်ရေးမှူးရွေးတဲ့အခါမှာ အုပ်ချုပ်ရေးမှူးကို ဖြုတ်တာ၊ ခန့်တာတွေကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်၊ ခရိုင်အုပ်ချုပ်ရေးစီမံခန့်ခွဲရေးကော်မတီရဲ့ ညွှန်ကြားချက်တွေနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ရဲ့ လုပ်ပိုင်ခွင့်တွေကို ဝင်ရောက်စွက်ဖက်တဲ့အတွက်နဲ့ ဒါဒေသရဲ့ ဥပဒေစိုးမိုးရေးကို ရည်မျှော်ပြီးတော့ ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါခင်ဗျား။

ဒါကတော့ တစ်နိုင်ငံလုံးမှာ တတိယအကြိမ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေနှင့်အညီ တစ်နိုင်ငံလုံးမှာ ပြန်ပြီးတော့ရွေးချယ်ဖို့၊ ခရိုင်စီမံခန့်ခွဲရေးကော်မတီက မြို့နယ်အသီးသီးကို ညွှန်ကြားတဲ့စာဖြစ်ပါတယ်။ အဲလို ညွှန်ကြားတဲ့ အခါမှာ ကျွန်တော်တို့ မြေပုံမြို့နယ် ကုက္ကိုကျေးရွာအုပ်ချုပ်ရေးမှူး ပြန်လည်ရွေးချယ်ရေးအတွက် မြို့နယ်တာဝန်ရှိသူများနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့်အတူ ရွေးချယ်ပွဲပြုလုပ်ရန်လာတဲ့အခါမှာ လက်ရှိကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်ရွှေမောင်ရဲ့အနေနဲ့ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက် ခြင်းမရှိတဲ့အပြင် သူ့ရဲ့ဆွေမျိုးသွားချင်းများက ဝိုင်းဝန်းနှောင့်ယှက်ခံရတာကြောင့် ရွေးချယ်ပွဲကို ရပ်တန့်ခဲ့ရပါတယ်။ ဒါကတော့ ကျေးရွာရဲ့ ကြီးကြပ်ရေးကော်မတီကို ရွေးချယ်ခန့်အပ်ထားတာ ဖြစ်ပါတယ်။ အဲဒီမှာ ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်နီချေဟာ ဦးခင်ရွှေမောင်ရဲ့ မိသားစုတွေရဲ့ ဝိုင်းဝန်းရိုက်နှက်မှု တွေခံခဲ့ရလို့ ဒဏ်ရာတွေပြင်းပြင်းထန်ထန်ရရှိခဲ့ပါတယ်။

ဒါကတော့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဟာ ဒီလိုဖြစ်စဉ်တွေကို ခရိုင်စီမံခန့်ခွဲရေးကော်မတီကို တင်ပြပြီးတော့ ခရိုင်စီမံခန့်ခွဲရေးကော်မတီကတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြခဲ့ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့က အစည်းအဝေးအမှတ်စဉ်(၂၈/၂၀၁၈)အရ အုပ်ချုပ်ရေးမှူးဦးခင်ရွှေမောင်ကို တာဝန်အားရပ်စဲခဲ့တဲ့ အမိန့်စာဖြစ်ပါတယ်။ ဒါကတော့ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြည်နယ်အစိုးရရဲ့ အကြောင်းကြားစာကို ရည်ညွှန်းပြီးတော့ လက်ရှိအုပ်ချုပ်ရေးမှူးကို တာဝန်ကရပ်စဲပြီး ဥပဒေအရ ဒုတိယဦးစားပေးအဆင့်ရှိသူ ဦးမောင်မောင်လှကို ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် ယာယီတာဝန်ပေး ခဲ့တာဖြစ်ပါတယ်။ ဒီလိုတာဝန်ကရပ်စဲခြင်းအပေါ်မှာ ဦးခင်ရွှေမောင်က မကျေနပ်လို့ အထက်အဖွဲ့ အစည်းများကို တိုင်ကြားခဲ့တာကြောင့် ရခိုင်ပြည်နယ်အစိုးရက ခရိုင်ပြည်နယ်စီမံခန့်ခွဲရေးကော်မတီ ကို ဒီဖြစ်စဉ်နှင့်ပတ်သက်ပြီးတော့ တွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်များ ပြန်လည်တင်ပြရန် အကြောင်းကြားခဲ့ပါတယ်။ ခရိုင်စီမံခန့်ခွဲရေးကော်မတီက မြို့နယ်စီမံခန့်ခွဲရေးကော်မတီကို စိစစ်

တင်ပြရန် ထပ်ဆင့်ညွှန်ကြားခဲ့ခြင်းကြောင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီက ယခင်တစ်ကြိမ်တင်ပြပြီးခဲ့တဲ့စာကိုပဲ ဒီလိုအကြံပြုချက်တွေနှင့် ပြန်ပြီးတော့တင်ပြခဲ့ပါတယ်။ အဲဒီအကြံပြုချက်မှာ ဦးခင်ရွှေမောင်အား ကျေးရွာအုပ်ချုပ်ရေးမှူးတာဝန်မှ ရပ်စဲခဲ့ပြီးဖြစ်ပါသဖြင့် ၎င်း၏တင်ပြစာကို အရေးယူဆောင်ရွက်ရန် မသင့်ပါကြောင်းနှင့် ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည် ဆိုပြီးတော့ ဥပဒေကိုရည်ညွှန်းပြီးတော့ အဲ့ဒီလိုပြန်ခန့်ရန်မသင့်ဘူး ဖြတ်ထားတာကိုဆိုပြီးတော့ ပြန်ပြီးတော့ အကြံပြုချက်နဲ့ တင်ပြခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ ရခိုင်ပြည်နယ်အစိုးရအား အစည်းအဝေးအမှတ်စဉ်(၃၁/၂၀၁၈)အရ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ အစီရင်ခံစာကို မျက်ကွယ်ပြုပြီးတော့ ရခိုင်ပြည်နယ်အစိုးရ(Cabinet)ရဲ့ ဆုံးဖြတ်ချက်ကို ပြန်လည်ပယ်ဖျက်ရန်နှင့် တာဝန်မှရပ်စဲထားတဲ့ ဦးခင်ရွှေမောင်ကို ပြန်လည်၍ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ရန် ခရိုင်အုပ်ချုပ်ရေးမှူးကို စာထုတ်ပြီးတော့ အကြောင်းကြားခဲ့ပြန်ပါတယ်။ ဒါကြောင့် ခရိုင်အုပ်ချုပ်ရေးမှူးအနေနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အရ တာဝန်မှရပ်စဲခံရတဲ့ ဦးခင်ရွှေမောင်အား ပြန်လည်ခန့်အပ်ရန်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးအဖြစ် ယာယီခန့်အပ်ထားတဲ့ ဦးမောင်မောင်လှအား တာဝန်မှပြန်လည်ရပ်စဲရန် မြို့နယ်အုပ်ချုပ်ရေးမှူးအား လမ်းညွှန်ခဲ့တဲ့စာဖြစ်ပါတယ်။

ဒါကြောင့် လေးစားရပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေပုဒ်မ ၁၈ အရ ကျေးရွာအုပ်ချုပ်ရေးမှူးအား ခန့်အပ်တာဝန်ပေးခြင်းဟာ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ တာဝန်သာဖြစ်ပါတယ်။ ထို့အတူ ----------------။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုပါမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းမေးမြန်းတဲ့ မေးခွန်းအပေါ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို မေးမြန်းပြီးတော့မှ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရိုသေလေးစား

စွာဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ယခင်ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်ရွှေမောင်ဟာ အုပ်ချုပ်ရေးမှူးများ လိုက်နာရမည့်ကျင့်ဝတ်ကို ဖောက်ဖျက်ခြင်း၊ အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးလုပ်ငန်းစဉ်များအား ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်ခြင်းတို့ ကြောင့် မြေပုံမြို့နယ်နှင့်မြောက်ဦးခရိုင်မှတစ်ဆင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနသို့ ဦးခင်ရွှေမောင်အား တာဝန်မှရပ်စဲသင့်ကြောင်းနှင့် ကုက္ကို ကျေးရွာအုပ်စုစာရေး ဦးဌေးဝင်းအား အခြားသင့်လျော်သည့်နေရာသို့ ပြောင်းရွှေ့ပေးသင့်ကြောင်း တင်ပြခဲ့ရာမှာ အကြံပြုချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ရန် ပြန်လည်ညွှန်ကြားခဲ့ကြောင်း သိရှိရပါတယ်။

ထို့ကြောင့် ကုက္ကိုကျေးရွာအုပ်စုမှာ အုပ်ချုပ်ရေးမှူးရွေးချယ်မှုအား အောင်မြင်စွာဆောင်ရွက် နိုင်ရေးအတွက် ၉-၅-၂၀၁၈ ရက်နေ့မှာ ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်နီချေမှ ဆယ်အိမ်စု စုဖွဲ့နိုင်ရေး လိုက်နာဖိတ်ကြားစဉ်မှာပဲ မောင်မြင့်ဝင်း(ဘ) ဦးဘသန်းမှ မောင်နီချေကို လက်သီးနှင့် ထိုးကြိတ်မှုဖြစ်ပွားပြီးတော့ မြေပုံမြို့မရဲစခန်းမှာ အမှုဖွင့်အရေးယူခဲ့ရကြောင်း သိရှိရပါတယ်။ ထို့အပြင် ၂၁-၅-၂၀၁၈ ရက်နေ့မှ ကြီးကြပ်ရေးအဖွဲ့များမှ ဆယ်အိမ်စုစုဖွဲ့မှု ဆောင်ရွက်နေစဉ် ကုက္ကို ကျေးရွာနေ ဒေါ်မသန်းနု (ဘ) ဦးသာမောင် ဦးဆောင်တဲ့ အမျိုးသမီး ၄၀ ဦးကလည်း ခွင့်ပြုချက် တင်ပြထားခြင်း၊ တရားဝင်တင်ပြထားခြင်းမရှိဘဲ ''မိသားစုရွေးကောက်ပွဲချက်ချင်းရပ်ပေးရေး- ဒို့အရေး'' ဆိုပြီး ကြွေးကြော်ပြီးတော့ ရွေးချယ်ခြင်းလုပ်ငန်း ပျက်ပြားအောင်ဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော့်တင်ပြချက်ကို Power Point နဲ့တင်ပြနိုင်ဖို့အတွက် ခွင့်ပြုဖို့တင်ပြ အပ်ပါတယ်။

အဲ့လို ''မိသားစုရွေးကောက်ပွဲချက်ချင်းရပ်ပေးရေး-ဒို့အရေး'' ဆိုပြီးတော့မှ ကြွေးကြော်ပြီး ရွေးချယ်ခြင်းလုပ်ငန်း ပျက်ပြားအောင်ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ရွေးချယ်ရန်ရပ်နားခဲ့ရပြီးတော့ မြေပုံမြို့မရဲစခန်းမှာ ပုဒ်မ(၇၉/၂၀၁၈)ဖြင့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ခြင်းဆိုင်ရာ ပုဒ်မ ၁၉ အရအမှုဖွင့်ဆောင်ရွက်ခဲ့ရပါတယ်။ ၄-၆-၂၀၁၈ ရက်နေ့မှာ ဆယ်အိမ်စုမှူး ရွေးချယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာမှာလည်း ဒေါ်မသန်းနုပါ (၅၀)ဦးမှ ဆယ်အိမ်စုရွေးချယ်ခြင်း လုပ်ငန်းကို လုံးဝမပြုလုပ်ဖို့နှင့် မရပ်တန့်ပါက ကြီးကြပ်ရေးအဖွဲ့ဝင်များအား ကိုယ်ထိလက်ရောက် အန္တရာယ်ပြုမယ်ဆိုပြီးတော့ ခြိမ်းခြောက်ခဲ့တဲ့အတွက်ကြောင့် ရွေးချယ်ပွဲကို ရပ်တန့်ခဲ့ရကြောင်း

သိရှိရပါတယ်။ ၁၃-၉-၂၀၁၈ ရက်နေ့မှာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာမှာ ဒေါ်မသန်းနုပါ အမျိုးသမီး ၁၄ ဦးခန့်မှ ဝိုင်းရံပြီးတော့မှ ဟန့်တားနှောင့်ယှက်ခြင်းစတဲ့ဖြစ်စဉ်များ ဖြစ်ပွားခဲ့ကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပုံမြို့နယ် ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရွေးချယ်ရာမှာ ပုံမှန်အေးချမ်းစွာဖြင့် ရွေးချယ်ရခြင်းမရှိခဲ့ဘဲနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်တဲ့ အခြေအနေမျိုးအထိ ရောက်ရှိလာခဲ့ပါတယ်။ တတိယအကြိမ် ပြင်ဆင်တဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့်အညီ ဆောင်ရွက်ရန်အခက်အခဲများ များစွာဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါတယ်။ ထို့ကြောင့် မြေပုံမြို့နယ် စီမံခန့်ခွဲမှုကော်မတီမှ ဖြစ်ပေါ်နေတဲ့အခြေအနေအရပ်ရပ်များကို ခရိုင်စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ရကြောင်း သိရှိရပါတယ်ခင်ဗျား။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ၂၆-၇-၂၀၁၈ ရက် နံနက် ၉း၃၀ အချိန်မှာ ကျင်းပတဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၃၁/၂၀၁၈) ဆုံးဖြတ်ချက်အပိုဒ် ၆ (က) ၁၆ အရ ဦးခင်ရွှေမောင်ကို ရပ်/ကျေး အုပ်ချုပ်ရေးမှူးခန့်ထားမှု ရပ်စဲကြောင်း Cabinet ရပ်စဲခြင်းအား ပယ်ဖျက်ရန် ရပ်/ကျေးအုပ်ချုပ်ရေး မှူးရွေးချယ်စဉ်ကာလအတွင်း ရပ်/ကျေးအုပ်ချုပ်ရေးမှူးအဖြစ် ဆက်လက်ခန့်ထားနိုင်ရန်နှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးခန့်ထားနိုင်ရေး ဥပဒေနှင့်အညီ ပြန်လည်ရွေးချယ်နိုင်ရေးဆောင်ရွက်ရန် ရပ်/ကျေးအုပ်ချုပ်ရေးမှူးမှုကို ရွေးချယ်မှုကို နှောင့်ယှက်သူများကို အရေးယူရန်ဆိုပြီးတော့မှ ပြင်ဆင် ညွှန်ကြားခဲ့မှုအရ ယခင်ကတာဝန်ထမ်းဆောင်ခဲ့သူ ဦးခင်ရွှေမောင်ကိုပဲ ယာယီအုပ်ချုပ်ရေးမှူးအဖြစ် နဲ့မြို့နယ်စီမံခန့်ခွဲမှုကော်မတီက တာဝန်ပေးအပ်ခဲ့ကြောင်း သိရှိရပါတယ်။

အဲဒီနောက် မြေပုံမြို့နယ်စီမံခန့်ခွဲမှုကော်မတီက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ပျက်ပြားမှုမရှိစေဘဲ ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ် ရွေးချယ်ခြင်းကို ဥပဒေ နှင့်အညီ ကြီးကြပ်ရေးအဖွဲ့ ငါးဦးဖွဲ့စည်းပြီးတော့မှ ၁၄-၉-၂၀၁၈ ရက်နေ့မှာ ရွေးချယ်ဆောင်ရွက်ခဲ့ ပါတယ်။ ဒီလိုရွေးချယ်ဆောင်ရွက်ခဲ့ရာမှာ ဆန္ဒမဲအများဆုံးရရှိတဲ့ ဦးမောင်မောင်လှ(ဘ)ဦးမောင်စောနု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊၁၁/မပတ(နိုင်) ၀၃၄၄၈၈ ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေပုဒ်မ ၅ ပါ အရည်အချင်းနှင့် ပြည့်စုံတဲ့အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ

ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ရွေးချယ်အတည်ပြုခဲ့ပြီးတော့ ၁-၁၀-၂၀၁၈ ရက်နေ့မှာ မြေပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ရုံးအမိန့်အမှတ်(၈/၂၀၁၈)နှင့် ခန့်အပ်တာဝန်ပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

ဒါကြောင့်ကျွန်တော်တို့ မြေပုံမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာမှာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တာဝန်ထမ်းဆောင်နေသူများအတွက် လုံခြုံရေးထိခိုက်စေနိုင်တဲ့ အခြေအနေမျိုးအထိ ရောက်ရှိလာခဲ့တဲ့အတွက်ကြောင့် စီမံခန့်ခွဲပေးခြင်း၊ ကြီးကြပ်ပေးခြင်း၊ လမ်းညွှန်ခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ပေးခဲ့ခြင်းသာဖြစ်ပါတယ်။ တိုက်ရိုက်ဝင်ရောက်ဆောင်ရွက်ပေးခဲ့ခြင်းမရှိပါကြောင်းနှင့် ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်မောင်လတ်အား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ၁-၁၀-၂၀၁၈ ရက်နေ့မှာ တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား လေးစားစွာဖြင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ကျွန်တော့်အနေနဲ့ မေးခဲ့တဲ့မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ် ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ရခိုင်ပြည်နယ် အစိုးရနှင့် မြောက်ဦးခရိုင်စီမံခန့်ခွဲရေးကော်မတီတို့မှ တိုက်ရိုက်ဝင်ရောက်မည့် ကျေးရွာအုပ်ချုပ်ရေးမှူးအား တာဝန်မှရပ်စဲခြင်း၊ ခန့်အပ်ခြင်းတို့ကို ပြုလုပ်နေခြင်းသည် ဥပဒေနှင့် ညီညွတ်မှုရှိ/မရှိနှင့် ဥပဒေနှင့်ညီညွတ်မှုရှိမည်ဆိုပါက မည်သည့်အတွက်ကြောင့်ဖြစ်မည်။ ဥပဒေနှင့် ညီညွတ်မှုမရှိပါက မည်သို့အရေးယူဆောင်ရွက်မည်နည်းဆိုတာ အဲ့ဒါကို မေးခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးဖြေကြားရာမှာတော့ ပြည်နယ်အစိုးရရဲ့ အစီရင်ခံစာကိုပဲ ဖတ်ပြသွားတယ်လို့ ကျွန်တော်နားလည်ပါတယ်။ အဲဒီတော့ ဒါဟာပြည်နယ်အစိုးရရဲ့ အစီရင်ခံစာမှာ နောက်ဆုံးကိုးကားထားတာကတော့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက်လုပ်ရတယ်။ တစ်နည်းအားဖြင့်ပြောရင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေကိုချိုးဖောက်ရတယ်ဆိုတဲ့ သဘောမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမှာ တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေမှာ အတိအကျဖော်ပြထားပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို မြို့နယ်အုပ်ချုပ်ရေးမှူးက ခန့်အပ်နိုင်

တယ်။ ဖြုတ်နိုင်တယ်။ ရပ်စဲနိုင်တယ်။ အတိအကျပုဒ်မ ၈ နှင့် ၁၅ မှာဖော်ပြထားပါတယ်။ ဒါကို ကျွန်တော်ကမေးတာပါ။ ဘယ်သူ့ကိုသာစေ။ ဘယ်သူ့ကိုနာစေ။ အဲ့ဒါကို မေးတာမဟုတ်ပါဘူး။ ဒီလုပ်ရပ်ဟာ ဥပဒေနှင့် ဥပဒေရဲ့တည်ငြိမ်ရေးအတွက် ဥပဒေစိုးမိုးရေးအတွက်လုပ်တယ်ဆိုရင် ဒီအုပ်ချုပ်ရေးမှူးကို ကျွန်တော်အားဖြည့်ပေးရမယ်။ ဆန္ဒဖော်ထုတ်တယ်။ ရိုက်တယ်။ ဥပဒေအတိုင်း အရေးယူရမယ်။ လိုအပ်ရင် အဲဒီနေရာကို လုံခြုံရေးအပြည့်ချပြီးတော့ ရွေးချယ်ပွဲဖြစ်အောင် လုပ်ရမယ်။ အဲဒီလို ပြည်နယ်အစိုးရနှင့် ခရိုင်က အဲဒီလို ပံ့ပိုးကူညီရမှာဖြစ်ပါတယ်။ ဒါမှမဖြစ်တော့ဘူးဆိုပြီးတော့ အုပ်ချုပ်ရေးမှူးရဲ့ လုပ်ငန်းစဉ်ကို လုပ်ပိုင်ခွင့်ကိုယူပြီးတော့ ဖြုတ်တာ၊ ခန့်တာတွေ လုပ်လို့မရပါဘူး။ ဥပဒေစိုးမိုးရေးအတွက်လုပ်တာမှာ ဥပဒေမစိုးမိုးအောင် ပိုလုပ်သလိုဖြစ်သွားပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနဆိုတာက သားသမီးနှင့် မိဘလို ဖြစ်ပါတယ်။ သားသမီးက မဟုတ်တာ လုပ်နေတယ်ဆိုရင် မိဘကသိရင် ဒါကိုဆုံးမရမှာ ဖြစ်ပါတယ်။ သားသမီးက ဒီလိုပြောပါတယ်။ အပြစ် မရှိပါဘူးဆိုတာနှင့် မလုံလောက်ပါဘူး။ အဲ့ဒါကြောင့် ကျွန်တော်မေးတဲ့ မေးခွန်းအပေါ်မှာ ပြန်ပြီးတော့ တိတိကျကျ ဖြေကြားပေးစေချင်ပါတယ်။ ဒီလိုလုပ်တာဟာ ဥပဒေချိုးဖောက်မှုရှိ/မရှိ။ အဲ့ဒါကို ဝန်ကြီး အနေနဲ့ ပြန်ပြီးတော့ ဖြေရှင်းပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။အဲဒီတော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအနေနဲ့တော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံမှ ဒီလိုအပ်တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းတဲ့ မေးခွန်းအပေါ်မှာ သူတို့ရဲ့ ဆောင်ရွက်မှုတွေကို အထောက်အထားအချက်အလက်တွေတောင်းပြီးတော့ ဖြေဆိုရတာဖြစ်ပါတယ်။ အဲဒီတော့ ခုနကပြောတဲ့ဥပဒေနှင့် ညီ/မညီဆိုတာကတော့ ဒီမှာကျွန်တော်တင်ပြပါအတိုင်းပဲ ဒီလို အခြေအနေအရ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဖြစ်တဲ့ အခါမှာတော့ သက်ဆိုင်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ က ဆောင်ရွက်ရတာဖြစ်ကြောင်းလည်း တင်ပြထားပါတယ်။ အဲဒီတော့ ရခိုင်ပြည်နယ်အခြေအနေကတော့ ဒီနေ့လည်း အားလုံးသိတဲ့အတိုင်းပါပဲ။ ရခိုင်ပြည်နယ်မှာ ကော်မတီကြီးလေးရပ်ဖွဲ့ထားပြီးတော့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြုကော်မတီဆိုပြီးတော့မှ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နဲ့

ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်လည်း အတွင်းဝန်အဖြစ် ဆောင်ရွက်နေပါတယ်။ အဲဒီတော့ ရခိုင်ပြည်နယ်ကတော့ အခြားပြည်နယ်များနှင့် မတူတဲ့ Nature တွေရှိပါတယ်။ အဲဒီတော့ ဒီနေရာမှာလည်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဆောင်ရွက်မှုက ကြီးကြပ်ခြင်း၊ ပေါင်းစပ်ခြင်းလို့ ကျွန်တော်တို့ဘက်ကမြင်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးကတော့ မြို့နယ်က ရွေးချယ်ဆောင်ရွက်ရမည့် ကိစ္စအပေါ်မှာ တိုင်းဒေသကြီး/ပြည်နယ်ပေါ့လေ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ တာဝန်ထမ်းဆောင်နေတဲ့သူတွေ လုံခြုံရေးထိခိုက်စေနိုင်ဖို့ အခြေအနေဖြစ်တာကို စီမံခန့်ခွဲကြီးကြပ်ခြင်းဟာ ဥပဒေနှင့်ညီ/မညီလို့ မေးမြန်းတာဖြစ်ပါတယ်။

အဲဒီတော့ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်တဲ့ ဥပဒေ၊ နည်းဥပဒေမှာတော့ မှန်ပါတယ်။ သက်ဆိုင်ရာ ငါးအိမ်စု၊ ဆယ်အိမ်စု၊ ရာအိမ်စု။ အဲဒီအပေါ်မှာ သက်ဆိုင်ရာ မြို့နယ်အဆင့်ကနေပြီးတော့ အဆင့်ဆင့်ဆုံးဖြတ်ရွေးချယ်ပေးတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အနေအထားကတော့ ခုနကတင်ပြပါအတိုင်း အားလုံးသိကြတဲ့အတိုင်းပဲ ကျွန်တော်တို့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး တော်တော်လေးကို အရေးယူဆောင်ရွက်ရမည့်ကိစ္စဖြစ်လို့ ပြည်နယ်အစိုးရကနေပြီးတော့ ဝင်ရောက်ပြီးတော့မှ ကြီးကြပ်ဆောင်ရွက်ပေးခြင်းသာဖြစ်ပါတယ်။ အဲဒီတော့ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့ကလည်း ယခင်တာဝန်ထမ်းဆောင်ခဲ့တဲ့ ဦးခင်ရွှေမောင်ကို ယာယီပဲခဏ အုပ်ချုပ်ရေးမှူးအဖြစ်နဲ့ တာဝန်ပေးပြီးတော့မှ မြေပုံမြို့နယ် စီမံခန့်ခွဲရေးမှူးကော်မတီကနေပြီးမှ ဒီရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးကို ပျက်ပြားမှုမရှိစေဘဲနဲ့ ကုက္ကိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကို တင်ပြပါအတိုင်း ဒါဆန္ဒမဲအများဆုံးရတဲ့ ဦးမောင်မောင်လှ(ဘ)ဦးမောင်စောနုကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅ ပါ အရည်အချင်းနှင့်ပြည့်စုံတဲ့အတွက်ကြောင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးနှင့်အညီ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ဒီအပေါ်မှာ ခုနကပြောသလိုပဲ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ ဆောင်ရွက်မှုတွေအပေါ်မှာ ဒီလိုဥပဒေနှင့်အညီ ဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာ အထင်အမြင်လွဲမှားမှုမရှိအောင်နှင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ဖို့အတွက်ကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ နိုင်ငံတော်သမ္မတကြီးထံတင်ပြပြီးတော့ ညွှန်ကြားကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

မူကြမ်း

**ကော့သောင်းမြို့တွင် အိမ်ရာမြေကွက်များကို စီမံကိန်းဖြင့် ဖော်ဆောင်နေသူများသည် မိမိတို့ ဖော်ဆောင်နေသည့် အိမ်ရာမြေကွက်များကို မည်သည့်ကာလတွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ကော့သောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော် ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ကော့သောင်းမြို့မှာ မြေယာကွက်များကို စီမံကိန်းဖြင့် ဖော်ဆောင်နေသူများဟာ မြေကွက်များကို မည်သည့်ကာလမှာလည်း နိုင်ငံတော်ကို ပြန်လည်အပ်နှံမယ်ဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကော့သောင်းမြို့မှာ ဧရိယာမြေကွက်ဖော်ဆောင်ခြင်းကို စီမံကိန်းဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ နိုင်ငံတော်ကို တာဝန်ယူထားသူများနှင့် ကော့သောင်းမြို့မှာရှိတဲ့ လုပ်ငန်းရှင်သုံးဦးတို့ဟာ အကျိုးတူပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ပါတယ်။ အဲဒီလို ဖော်ဆောင်တဲ့နေရာမှာ မြေကွက်တစ်ကွက်ကို ၄၀ ပေ၊ ၆၀ ပေ၊ ၃၀ ပေ၊ ၅၀ ပေနှင့် သတ်မှတ်ဖော်ဆောင်ပြီးတော့ မြေကွက် ၁၀ ကွက်ဖော်ဆောင်တိုင်း နိုင်ငံတော်ကနေပြီးတော့ နှစ်ကွက်၊ ဖော်ဆောင်သူက ရှစ်ကွက်၊ နောက်ပြီးတော့ မြေကွက် ၁၀ ကွက်ဖော်ဆောင်တိုင်း နိုင်ငံတော်က သုံးကွက်နှင့် ဖော်ဆောင်သူက သုံးကွက်နှုန်းနှင့် နှစ်ဖက်သဘောတူ အကျိုးတူဖော်ဆောင်ခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ အောင်သုခရပ်ကွက် မြေကွက်ဖော်ဆောင်ရေးကို ဦးမာမန်းကဖော်ဆောင်ခြင်းဖြစ်ပြီးတော့၊ ကျောင်းမြေနေရာ၊ ဈေးမြေနေရာ၊ ပန်းခြံမြေနေရာ၊ ဆေးပေးခန်းမြေနေရာတို့ကို နိုင်ငံတော်အတွက် ဖော်ဆောင်ရန်တာဝန်ယူရပါတယ်။ စီမံကိန်းကာလကတော့ ၁၉၉၉ ခုနှစ်ကနေပြီးတော့ ၂၀၀၂ ခုနှစ်ဖြစ်ပါတယ်။ စီမံကိန်းကာလပြီးဆုံးပေမယ့် မိမိတို့ဖော်ဆောင်နေတဲ့ ဈေးကိုစည်ပင်သို့အပ်နှံခြင်းမရှိတဲ့အတွက် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို စည်ပင်ခွန်စီးဆင်းခြင်းမရှိပါဘူး။

နောက်တစ်ခါ အေးရိပ်ငြိမ်ရပ်ကွက် တော်ဝင်အိမ်ရာမြေကွက်ကို ဦးတင်မြင့်အမိမြေက ဖော်ဆောင်ပြီးတော့ စီမံကိန်းကာလက ၁၉၉၇ ခုနှစ်ကနေပြီးတော့ ၂၀၀၉ ခုနှစ်အထိ ဖြစ်ပါတယ်။ နောက်တစ်ခါ အေးရိပ်ငြိမ်ရပ်ကွက်မှာရှိတဲ့ ဝန်ထမ်းအိမ်ရာမြေကွက်နှင့် စက်မှုဇုန်(၁)နှင့် စက်မှုဇုန်(၂)ကို ဦးကျော်ငြိမ်း ကဖော်ဆောင်ပြီးတော့ စီမံကိန်းကာလမှာ ၂၀၀၀ ပြည့်နှစ်ကနေပြီးတော့ ၂၀၀၂ ခုနှစ်ဖြစ်ပါတယ်။ မြေကွက်ဖော်ဆောင်တဲ့ရပ်ကွက်များက စည်ပင်ဧရိယာမှာကျရောက်ပြီးတော့ အဆောက်အဦခွန်ကို၊ အညစ်အကြေးခွန်ကို စည်ပင်ကရရှိပေမယ့် ၎င်းတို့ဖော်ဆောင်တဲ့လမ်းကြမ်းကို စည်ပင်သာယာရဲ့ ဘဏ္ဍာငွေကနေပြီးတော့ လမ်းချော ဖြစ်အောင် ဆောင်ရွက်ပေးခဲ့ရတာဖြစ်ပါတယ်။ ဒီနေရာမှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် မြေအားလုံး မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် လေထုအတွင်းရှိ သယံဇာတပစ္စည်းများ၏ ပင်ရင်းပိုင်ရှင်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ အဲဒီအတွက်ကြောင့် မြေကွက်များကို ဖော်ဆောင်နေသူများဟာ မြေကွက်များကိုလက်ရှိထားပြီးတော့ စီမံခန့်ခွဲနေခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေပါတယ်။ ဒ့ါအပြင် မြေကွက်များကို နိုင်ငံတော်ကိုစည်ပင်ခွန် စီးဆင်းခြင်းလည်းမရှိပါဘူး။ ဒါကြောင့်မို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တွင် ဝင်ငွေခွန်တိုးရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရန်အတွက် ကော့သောင်းမြို့အတွင်း မြေကွက်များကို စီမံကိန်းအဖြစ် ဖော်ဆောင်နေသူများကို မိမိတို့ဖော်ဆောင်နေသည့် မြေကွက်များကို နိုင်ငံတော်သို့ မည်သည့်ကာလတွင် အပ်နှံမည်ကို သိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်မြင့်(ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ထပ်မံနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးတင်မြင့်ကပဲ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုဖို့ လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။

မူကြမ်း

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့မှာ အိမ်ရာမြေကွက် စီမံကိန်းဖော်ဆောင်သူများဟာ ၁၉၉၈ ခုနှစ်နောက်ပိုင်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးအဖွဲ့အတွင်းရေးမှူး(၁)ရဲ့ ၁၉၉၄ ခုနှစ် ကော့သောင်းခရီးစဉ်မှာကြားချက်အရ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနတိုင်းမှူးရဲ့ညွှန်ကြားချက်နှင့်အညီ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ စွန့်လွှတ်မြေဧရိယာ ၁၂၇.၈၂ ဧကကို မြို့ပြအိမ်ရာစီမံကိန်းဖော်ထုတ်ရန်အတွက် ကျွန်တော် Power Point မှာတင်ပြပါအတိုင်း လုပ်ငန်းရှင်များနှင့် အကျိုးတူဖော်ထုတ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ လုပ်ငန်းရှင် ဦးတင်မြင့် အမိမြေအိမ်ရာစီမံကိန်းက ဧရိယာ ၃၈ ဧက အချိုးကျခွဲဝေမှုရာခိုင်နှုန်းအနေနဲ့ အစိုးရ ၂၀ ရာခိုင်နှုန်းနှင့် လုပ်ငန်းရှင် ၈၀ ရာခိုင်နှုန်း ဦးမာမန်း(ခေါ်)ဦးစိုးမြင့် တစ်မိုင်သဲထပ်အိမ်ရာစီမံကိန်းကနေပြီးတော့မှ ဧရိယာ ၂၁.၁၆ ဧက အချိုးကျခွဲဝေမှုရာခိုင်နှုန်းများဖြင့် အစိုးရ ၂၀ ရာခိုင်နှုန်းနှင့် လုပ်ငန်းရှင် ၈၀ ရာခိုင်နှုန်း ဦးကျော်ငြိမ်းအေးရိပ်ငြိမ်း ရွှေပြည်သာကုန်စည်ဇုန်(၁)၊ (၂)မှ ဧရိယာ ၆၈.၆၆ ဧက အချိုးကျခွဲဝေမှုရာခိုင်နှုန်းအားဖြင့် အစိုးရ ၃၀ ရာခိုင်နှုန်းနှင့် လုပ်ငန်းရှင် ၇၀ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါ ဧရိယာများအတွင်း ဖော်ထုတ်ပြီးစီးပြီဖြစ်တဲ့ မြေကွက်များကို စနစ်တကျပြန်လည်အပ်နှံနိုင်ရေးအတွက် မြို့စီမံကိန်းမြေကွက်ဖော်ထုတ်ပြီးစီးတဲ့မြေများအား ပြန်လည်လွှဲပြောင်းလက်ခံရေးကော်မတီကို ခရိုင်အုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ ကျွန်တော်ခုန Power Point မှာတင်ပြပါအဖွဲ့နှင့်ဖွဲ့စည်းပြီးတော့မှ ကွင်းဆင်းစိစစ်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဦးမာမန်း(ခေါ်)ဦးစိုးမြင့် တစ်မိုင်သဲတန်းအိမ်ရာစီမံကိန်းမှ ဖော်ထုတ်နေတဲ့ မြေကွက်များနှင့်စပ်လျဉ်းပြီး ၂၇-၁-၁၉၉၇ ရက်နေ့မှာ လုပ်ငန်းကတိစာချုပ်ချုပ်ဆိုစဉ် ဆောင်ရွက်ခွင့်ရဧရိယာအတွင်း လုပ်ငန်းရှင်များမှ မြေဖို့ခြင်း၊ မြေပြင်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ ကျောက်တန်းစီခြင်းလုပ်ငန်းများ အမြန်ဆုံးလုပ်ငန်းပြီးပြတ်အောင် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ပြီးဖြစ်တဲ့ အများနှင့်သက်ဆိုင်တဲ့ ကျောင်း၊ ပန်းခြံ၊ ဆေးပေးခန်းတို့အတွက် မြေနေရာများကိုလည်း ဖော်ထုတ်အကွက်ရိုက်စေခြင်း သက်ဆိုင်ရာဌာနများသို့ အမြန်ဆုံးလွှဲပြောင်းနိုင်ရေး ဖွဲ့စည်းထားရှိသော မြို့စီမံကိန်းမြေကွက်ဖော်ထုတ်ပြီးတဲ့မြေများအား ပြန်လည်လွှဲပြောင်းလက်ခံရေးကော်မတီသို့ လွှဲပြောင်းလက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဈေးမြေနေရာနှင့်စပ်လျဉ်းပြီး ဈေးဆောက်လုပ်ပြီးစီးပြီဖြစ်တဲ့အတွက်ကြောင့် အခွန်အခရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ အမြန်ဆုံးအပ်နှံ

ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဦးတင်မြင့် အမိမြေအိမ်ရာစီမံကိန်းနှင့် ဦးကျော်ငြိမ်း အေးရိပ်ငြိမ်ရွှေပြည်သာကုန်စည်ဇုန်(၁)၊ (၂)တို့မှ ဖော်ထုတ်ရန်ချထားပေးတဲ့ မြေဧရိယာ အတွင်း မြေကွက်ဖော်ထုတ်ပြီးဧရိယာ၊ ဖော်ထုတ်ရန်ကျန်တဲ့ဧရိယာများကို မြို့စီမံကိန်းမြေကွက် ဖော်ထုတ်ပေးသည့် မြေများအား ပြန်လည်လွှဲပြောင်းလက်ခံရေးကော်မတီမှ စိစစ်ပြီး ဖော်ထုတ်ရန် ကျန်ဧရိယာများကိုလည်း စနစ်တကျ လွှဲပြောင်းအပ်နှံရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ဦးဘိုကြီး၊ ချောက်မဲဆန္ဒနယ်ကစက်မှုဝန်ကြီးဌာန၏ နိုင်ငံတော်ပိုင်စက်ရုံများမှ နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပြုလုပ်လိုသည့်စက်ရုံ၊ ပုဂ္ဂလိကပူးပေါင်းထားပြီးစက်ရုံ၊ စက်မှုနယ်မြေနှင့် လတ်တလော ရပ်ဆိုင်းထားသော စက်ရုံများအား ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်အတွက် အမြန်ဆုံးအကျိုးရှိအောင် ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့် အဆိုကိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးဘိုကြီးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး ကိုယ်စိတ် နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုကြီး ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ စက်မှုဝန်ကြီးဌာနရဲ့

နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပိုင်ပြုလုပ်လိုတဲ့စက်ရုံ၊ ပုဂ္ဂလိကပူးပေါင်းထားသည့်စက်ရုံ၊ စက်မှုနယ်မြေနှင့် လတ်တလောရပ်ဆိုင်းထားသည့်စက်ရုံတွေကြောင့် ပြည်သူ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရေးနှင့် နိုင်ငံတော်အတွက် အမြန်ဆုံးအကျိုးရှိအောင် ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းတဲ့ အဆိုဖြစ်ပါတယ်။ ယခုအဆိုကိုတင်သွင်းရခြင်းကတော့ ပြည်သူ့ဘဏ္ဍာငွေများဖြင့် စိုက်ထုတ်ရင်းနှီးခြင်း၊ ပြည်ပမှနိုင်ငံခြားငွေများကို အတိုးများပေးပြီး ငွေချေးယူကာ စက်ရုံများတည်ဆောက်ခဲ့သော်လည်း အချို့စက်ရုံများမှာ ဆက်လက်လည်ပတ်နိုင်မှုမရှိခြင်း၊ အချို့စက်ရုံများမှာ နှစ်စဉ်အသားတင်အရှုံးငွေများဖြင့် ထုတ်လုပ်မှုကိုဆက်လက်ဆောင်ရွက်နေရခြင်း စသည့်အချက်အလက်များကြောင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းမှုများမရှိကြောင်းကို တွေ့မြင်နေရပါတယ်။ ဤကဲ့သို့ဖြစ်ပေါ်နေသည်မှာ နှစ်ကာလအားဖြင့် ကြာမြင့်နေပြီဖြစ်ကြောင်းတွေ့ရှိရပြီး ပြည်သူများအတွက် အကျိုးဖြစ်ထွန်းအောင် စနစ်သစ်ဖြင့် အကောင်အထည်ဖော်မှုများဆောင်ရွက်နေသည်ကို ပွင့်လင်းမြင်သာစွာ မတွေ့ရသေးသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ အခုအဆိုကို လက်ခံဆွေးနွေးခွင့်ပြုပါရန်နှင့် အကြံပြုဆွေးနွေးပေးကြပါရန် တင်ပြရခြင်းဖြစ်ပါတယ်။

စက်ရုံများမှာ ကာလကြာမြင့်စွာ ရပ်ဆိုင်းထားရသဖြင့် (၁)နိုင်ငံပိုင်စက်ရုံနှင့်စက်ပစ္စည်းများ ယိုယွင်းပျက်စီးခြင်း၊ (၂)ဝန်ထမ်းများ၏ လုပ်ငန်းပိုင်းဆိုင်ရာစွမ်းအားများ စိတ်ဓာတ်ခွန်အားများ လျော့နည်းခြင်း၊ (၃)စက်ရုံ၏ ပြင်ဆင်စရိတ်၊ ဝန်ထမ်းလစာများနှင့် အဆောက်အဦများရဲ့ တန်ဖိုးလျော့များ ဆက်လက်ကျခံနေရသဖြင့် နိုင်ငံတော်အတွက် အရှုံးများစွာဖြစ်ပေါ်နေခြင်း၊ (၄)ကုန်ထုတ်လုပ်မှုစွမ်းအားကျဆင်းသဖြင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကျဆင်းခြင်း၊ (၅)စက်ရုံများ ရပ်ဆိုင်းထားရသဖြင့် နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ လျော့နည်းခြင်းတို့ကို တွေ့မြင်နေရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့နေရာတွေမှာ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီမှာကြည့်လို့ရှိရင် စက်မှုဝန်ကြီးဌာနမှာ အပိုင်း(၄)ပိုင်း တွေ့ရပါတယ်။ ကစလ(၁)အနေနဲ့ စက်ရုံခြောက်ရုံ၊ ကစလ(၂)အနေနဲ့ စက်ရုံ ၂၆ ရုံ၊ ကစလ(၃)မှာ စက်ရုံ ၅၇ ရုံ၊ စက်မှုနယ်မြေ တစ်ခုနှင့် ဆေးဝါးစက်ရုံ ၂၃ ရုံ စုစုပေါင်း စက်ရုံ ၁၁၂ ရုံရှိကြောင်း သိရှိရပါတယ်။ အဲဒီစက်ရုံ ၁၁၂ ရုံအနက် အပိုင်း(၅)ပိုင်းနဲ့ခွဲခြားသတ်မှတ်ပြီးတော့ Power Point ရဲ့ အောက်ထားမှာရှိပါတယ်။ နိုင်ငံပိုင်စက်ရုံက ၅၁ ရုံ၊ ပုဂ္ဂလိကပိုင်လုပ်လိုတဲ့စက်ရုံက ခြောက်ရုံ၊

ပုဂ္ဂလိကနဲ့ပူးပေါင်းထားပြီးတဲ့စက်ရုံက ၅၅ ရုံ အားလုံး ၁၁၂ ရုံဖြစ်ပါတယ်။ အထက်ပါစက်ရုံတွေမှာ စက်မှုနယ်မြေ တစ်ခု၊ လတ်တလောစိစစ်စက်ရုံ ၂၃ ရုံပါဝင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အုပ်စုတစ်ခုချင်းကို တင်ပြခွင့်ပြုရန်တင်ပါတယ်။ အဲဒီမှာကြည့်လို့ရှိရင် ကျွန်တော်တို့ရဲ့နိုင်ငံပိုင်စက်ရုံက ၅၁ ရုံရှိပါတယ်။ အဲဒီထဲမှာမှ ရပ်ဆိုင်းထားတဲ့စက်ရုံတွေလည်း ပါရှိပါတယ်။ အဲဒီမှာ ကစလ(၁)စက်ရုံက ခြောက်ရုံပါပါတယ်။ ကစလ(၂)မှာ ၂၆ ရုံပါပါတယ်။ ကစလ(၃)က ၅၇ ရုံနဲ့ စက်မှုနယ်မြေ တစ်ခုပါပါတယ်။ ဆေးဝါးစက်ရုံက ၂၃ ခုဖြစ်ပါတယ်။ နိုင်ငံပိုင်စက်ရုံ ၅၁ ရုံဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပုဂ္ဂလိကပိုင်ပြုလုပ်လိုတဲ့စက်ရုံကတော့ သုံးရုံရှိပါတယ်။ ကစလ(၂)မှာ သုံးရုံ၊ ကစလ(၃)မှာ နှစ်ရုံ၊ ဆေးဝါးစက်ရုံမှာ တစ်ရုံဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပုဂ္ဂလိကနဲ့ပူးပေါင်းဆောင်ရွက်တဲ့စက်ရုံ(PPP)က ၅၅ ရုံ ရှိပါတယ်။ အဲဒီမှာ ကစလ(၂)မှာက ၁၅ ရုံ၊ ကစလ(၃)မှာက ၅၇ ရုံ၊ နောက် အဲဒီမှာ စက်မှုနယ်မြေ တစ်ခုပါပါတယ်။ နောက် ဆေးဝါးစက်ရုံက ၁၅ ခု အားလုံးပေါင်း ၅၅ ခုဖြစ်ပါတယ်။ နောက် စက်မှုနယ်မြေကတော့ တစ်ခု ရှိပါတယ်။ သထုံစက်ရုံနယ်မြေ၊ ပလက်စတစ်စက်ရုံစီမံကိန်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ လတ်တလောရပ်ဆိုင်းထားတဲ့စက်ရုံက ၂၃ ရုံရှိပါတယ်။ အဲဒီမှာ ကစလ(၁)က ခြောက်ရုံ၊ ကစလ(၂)က ၂၆ ရုံ၊ ကစလ(၃)က ၁၁ ရုံဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လတ်တလောရပ်ဆိုင်းတဲ့ စက်ရုံ ၂၄ ရုံမှာ Power Point တွင် တင်ပြထားတဲ့အတိုင်း တစ်အုပ်စုချင်းတင်ပြပါမယ်။ ဒီဥစ္စာကတော့ ပုဂ္ဂလိကပိုင်နဲ့ပူးပေါင်းပြီးတော့ ထုတ်ကုန်ပြောင်းလဲတဲ့စက်ရုံက သုံးရုံရှိပါတယ်။ သာဂရစက်ရုံမှာရှိတဲ့ သုံးရုံဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပုဂ္ဂလိကနဲ့ပူးပေါင်းပြီးဆောင်ရွက်တဲ့ ညှိနှိုင်းဆဲစက်ရုံတွေ ရှိပါတယ်။ (၁)ကတော့ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)(စီမံကိန်းဆောင်ရွက်ဆဲ)၊ (၂)ကတော့ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)၊ အမှတ်(၁၆)အကြီးစားစက်ရုံ(ဆင်တဲ)၊ အမှတ်(၁၇)အကြီးစားစက်ရုံ(မလွန်)၊ အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)၊ အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ)၊ မှန်စက်ရုံ(ပုသိမ်)ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပုဂ္ဂလိကနဲ့ပူးပေါင်းဆောင်ရွက်ရန် AOD ရေးထိုးထားတဲ့ စက်ရုံကတော့ ရွှေတောင်စက်ရုံအပါအဝင် ခုနှစ်ရုံဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ထုတ်ကုန်အမယ်အသစ်တွေထုတ်လုပ်မယ့်စက်ရုံ ငါးရုံရှိပါတယ်။ အမှတ်(၇)အထည်စက်ရုံ (မြစ်သား)အပါ

အဝင်ငါးရုံဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံပိုင်ပြုလုပ်မယ့်စက်ရုံဖြစ်ပါတယ်။ ပလတ်စတစ်စက်ရုံ (ကျောက်ဆည်) ဖြစ်ပါတယ်။ အဲဒါကတော့ သင်တန်းကျောင်းပြုလုပ်မယ့် စက်ရုံဖြစ်ပါတယ်။ မုံရွာက အမှတ်(၆) အထည်စက်ရုံဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ စက်မှုဝန်ကြီးဌာနနဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ စက်ရုံများ အကြောင်း အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး မည်ကဲ့သို့ဆက်လက်ဆောင်ရွက်သင့်ကြောင်း အကြံပြု တိုက်တွန်းဆွေးနွေးသွားပါတယ်။ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်မှာ စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံ ၂၀ နှင့် စီမံကိန်း နှစ်ခုကို ယာယီရပ်ဆိုင်းစေခဲ့ပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ရပ်ဆိုင်းထားသည့်စက်ရုံများကို Review ပြန်လည်လုပ်ဆောင်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ PPP Sector သို့ပေးပို့ထားကြောင်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာတာဝန်ရှိဝန်ထမ်းများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြား ရေးမှူးချုပ်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ပြည်ထောင်စုဝန်ကြီးတို့အနေနဲ့ စက်ရုံများကို မည်သို့ ဆက်လက်ဆောင်ရွက်မည်ကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ပေးပါရန် အကြံပြု အပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဥပဒေပြုရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးတို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖြစ်ပေါ်ရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေး စတဲ့လိုအပ်ချက်များကို ပြည်သူများရရှိစေရန် ယခုအဆိုကို အဘက်ဘက်မှစဉ်းစားတွေးခေါ်ပြီး ဆွေးနွေးပေးပါရန်အကြံပြုအပ်ပါတယ်။ သို့ပါ၍ ကျွန်တော်တင်သွင်းလိုတဲ့အဆိုကတော့ စက်မှုဝန်ကြီး ဌာနရဲ့ နိုင်ငံပိုင်စက်ရုံများမှ နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပိုင်ပြုလုပ်လိုသည့်စက်ရုံ၊ ပုဂ္ဂလိကပူးပေါင်း ထားပြီး စက်ရုံ၊ စက်မှုနယ်မြေနှင့် လတ်တလောရပ်ဆိုင်းထားသော စက်ရုံများကြောင့် ပြည်သူ့ ဘဏ္ဍာများဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော်အတွက်အမြန်ဆုံးအကျိုးရှိအောင် ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဘိုကြီး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

မူကြမ်း

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်ထောက်ခံတင်ပြမှာက ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး တင်သွင်းခဲ့တဲ့ နိုင်ငံပိုင်စက်ရုံများနဲ့ပတ်သက်ပြီး ပြည်သူ့ဘဏ္ဍာများဆုံးရှုံးမှုမဖြစ်စေဖို့ နိုင်ငံအတွက် အကျိုးရလဒ် အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးဖို့ တိုက်တွန်းတဲ့အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြမှုအရ က.စ.လ(၁)စက်ရုံ ခြောက်ရုံဟာ လတ်တလောမှာ ရပ်ဆိုင်းထားရဆဲဖြစ်ကြောင်း၊ က.စ.လ(၂)စက်ရုံ ၂၆ ရုံက လက်ရှိရပ်ဆိုင်းထားရပြီးတော့ စိစစ်နေဆဲဖြစ်ပြီး နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်နဲ့ ပုဂ္ဂလိကနဲ့ပူးပေါင်းထားတဲ့ စက်ရုံများ ပါဝင်ကြောင်းလည်း သိရပြီးတော့ က က.စ.လ(၃)စက်ရုံ ၅၇ ရုံမှာတော့ လက်ရှိရပ်ဆိုင်းထားဆဲဖြစ်ပြီး စိစစ်ဆဲခြောက်ရုံ၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရန် နှစ်ရုံ၊ ပုဂ္ဂလိကနဲ့ပူးပေါင်းထားပြီးတာက ၂၅ ရုံ၊ နိုင်ငံပိုင်က ၂၄ ရုံ ပါဝင်ကြောင်းလည်း သိရပါတယ်။ ဆေးဝါးစက်ရုံ ၂၃ ရုံမှာ နိုင်ငံပိုင်တစ်ရုံ၊ ပုဂ္ဂလိကနဲ့ပူးပေါင်းပြီးတာက ၁၅ ရုံ၊ ပုဂ္ဂလိကပိုင်ပြုလုပ်ဖို့က တစ်ရုံနဲ့ သထုံစက်မှုနယ်မြေပါဝင်ကြောင်းလည်းသိရပါတယ်။ စက်ရုံတွေနဲ့ပတ်သက်ပြီးတော့ သာဂရဘက်မှာရှိတဲ့ စက်မှုလုပ်ငန်းတွေသွားပြီးတော့ လေ့လာတဲ့အခါမှာ စက်ရုံတွေပိတ်ထားရတာ တွေ့ရတာ နှမြောစရာဖြစ်တာကို တွေ့ရပါတယ်။ လက်ရှိဝန်ကြီးဌာနက ရပ်ဆိုင်းထားတဲ့စက်ရုံများထဲက က.စ.လ(၃)နဲ့ပတ်သက်ပြီး ဥပမာအနေနဲ့တင်ပြရမယ်ဆိုလို့ရှိရင် က.စ.လ(၃)ထဲက အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)၊ အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)နဲ့ စက်ရုံခွဲ(စစ်ကိုင်း)၊ အထည်စက်ရုံခွဲ(မြင်းခြံ)၊ အမှတ်(၇)အထည်စက်ရုံ (မြစ်သား)၊ အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)၊ အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)၊ အမှတ်(၈) အထည်စက်ရုံခွဲ(ရမည်းသင်း)၊ အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ)၊ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)တို့ကို PPP စနစ်နဲ့ ဆောင်ရွက်ထားကြောင်းလည်း သိရပါတယ်။ ဒီစက်ရုံတွေရဲ့အနေအထားကို လေ့လာကြည့်တဲ့အခါမှာ အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်)ဟာ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်း ၅၄၅၄ နဲ့ ဝန်ထမ်းဦးရေ ၁၃၁၁ ဦး၊ အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)ရဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ကျပ်သန်း ၂၁၅၁ နဲ့ ဝန်ထမ်းအင်အား ၁၀၁၈ ဦး၊ အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း)ရဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ကျပ်သန်း ၂၄၆ နဲ့ ဝန်ထမ်းဦးရေ ၄၂၈ ဦး၊ အထည်စက်ရုံ(မြင်းခြံ)ရဲ့ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ကျပ်သန်း ၅၈၉၂ နဲ့ ဝန်ထမ်းဦးရေ ၃၃၈ ဦး၊

အမှတ်(၈)အထည်စက်ရုံ(ပျော်ဘွယ်)ရဲ့ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ကျပ်သန်း ၈၅၄၉ နဲ့ ဝန်ထမ်းဦးရေ ၃၅၈ ဦး၊ အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ကျပ်သန်း ၇၁၅၁ နဲ့ ဝန်ထမ်းဦးရေ ၁၃၀၃ ဦး၊ အမှတ်(၈)အထည်စက်ရုံ(ရမည်းသင်း)ရဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ကျပ်သန်း ၂၄၃၆ နဲ့ ဝန်ထမ်းဦးရေ ၃၂၇ ဦး၊ အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ)ရဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ကျပ်သန်း ၂၃၃ နဲ့ ဝန်ထမ်းဦးရေ ၃၆၉ ဦး၊ အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)ရဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ကျပ်သန်း ၈၅၄၆၀ နဲ့ ဝန်ထမ်းဦးရေ ၁၀၀၂ ဦး၊ သတင်းစာစက္ကူစက်ရုံ(သာပေါင်း)ရဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ကျပ်သန်း ၁၂၁၃၅ နဲ့ ဝန်ထမ်းဦးရေ ၁၅၈ ဦးရှိကြောင်း သိရပါတယ်။

ဒါတွေကို လေ့လာကြည့်မယ်ဆိုရင် နိုင်ငံခြားက ရင်းနှီးမြှုပ်နှံထားရတဲ့၊ နိုင်ငံတော်က ရင်းနှီးမြှုပ်နှံထားတဲ့စက်ရုံအချို့ရဲ့ ရင်းနှီးမြှုပ်နှံထားတဲ့ငွေတန်ဖိုးတွေက အများကြီးရှိပြီးတော့ လုပ်ငန်းပိုင်းမဆောင်ရွက်နိုင်၊ မလည်ပတ်နိုင်လို့ စက်ရုံရပ်ဆိုင်းထားရတာကြောင့် စက်ရုံရဲ့ကြံ့ခိုင်မှုတွေ ချို့ယွင်းလာတာ၊ စွမ်းအားပြည့်မလည်ပတ်နိုင်ဘူး။ လေလွင့်ပြုန်းတီးမှုတွေရှိနိုင်တာ။ ပျက်စီးပျောက်ဆုံးမှုတွေရှိနိုင်တာ။ ဝင်ငွေမရှိဘဲနဲ့ ရင်းနှီးမြှုပ်နှံထားရတဲ့ငွေတွေ အလဟဿဖြစ်နေရမှု၊ စက်ရုံများ မလည်ပတ်နိုင်ဘဲ ထိန်းသိမ်းနေရမှု၊ ဝန်ထမ်းများရဲ့လစာနဲ့ အသုံးစရိတ်တွေကို နိုင်ငံတော်က ကာလကြာမြင့်စွာ စိုက်ထုတ်ကျခံနေရမှု၊ ဝန်ထမ်းများရဲ့ဘဝအာမခံချက်နဲ့ ဘဝတက်လမ်းမျှော်လင့်ချက်ကင်းမဲ့လာစေပြီးတော့ စိုးရိမ်ပူပန်မှုတွေ တိုးပွားလာနေမှုစတဲ့ ထိခိုက်နစ်နာမှုတွေ ဖြစ်လာနေတာ တွေ့ရပါတယ်။ ရပ်ဆိုင်းထားတဲ့ စက်ရုံ ၂၄ ရုံအနက် မှန်စက်ရုံ၊ ပုသိမ်စက်ရုံကို PPP စနစ်။ ရာဘာပစ္စည်းစက်ရုံ(သယ်န်းကျွန်း)နဲ့ ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)တို့ကို ပုဂ္ဂလိကပိုင်ပြုလုပ်ဖို့စီစဉ်နေကြောင်းလည်းသိရပါတယ်။ စက်မှုဝန်ကြီးဌာနဟာ နှစ်စဉ်အရှုံးဖြစ်ပေါ်နေတဲ့အတွက် နိုင်ငံတော်အတွက် ထိခိုက်နစ်နာမှုနဲ့ ဝန်ထုပ်ဝန်ပိုးဖြစ်နေမှုတွေနဲ့ပတ်သက်လို့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများရဲ့ ရငွေ၊ သုံးငွေအနှစ်ချုပ်စာရင်းတွေအရ စက်မှုဝန်ကြီးဌာနမှာ အရှုံးဖြစ်ပေါ်မှုဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၈၉၄၇၁၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၉၄၈၅၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၆၆၂၆၆ နဲ့ ၂၀၁၈ ခုနှစ် Mini Budget မှာ ကျပ်သန်း ၃၂၄၈၉ ဖြစ်ပေါ်ခဲ့တာ တွေ့ရတဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ စက်မှုဝန်ကြီးဌာနအောက်မှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံများ ဘဏ္ဍာငွေဆက်လက်ဆုံးရှုံးနေတာတွေ ကာကွယ်နိုင်ဖို့နဲ့ နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိရှိအမြန်ဆုံးအသုံးချနိုင်အောင်ဆောင်ရွက်ပေးဖို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးဘိုကြီး တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးဘိုကြီး၊ ချောက်မဲဆန္ဒနယ်က တင်သွင်းသော စက်မှုဝန်ကြီးဌာန၏ နိုင်ငံတော်ပိုင်စက်ရုံများမှ နိုင်ငံပိုင်စက်ရုံ၊ ပုဂ္ဂလိကပိုင်ပြုလုပ်လိုသည့်စက်ရုံ၊ ပုဂ္ဂလိကပူးပေါင်းထားပြီးစက်ရုံ၊ စက်မှုနယ်မြေနှင့် လတ်တလောရပ်ဆိုင်းထားသော စက်ရုံများအား ပြည်သူ့ဘဏ္ဍာများ ဆုံးရှုံးမှုမရှိစေရန်နှင့် နိုင်ငံတော် အတွက် အမြန်ဆုံးအကျိုးရှိအောင် ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့်အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

## ဦးဘိုကြီး၊ ချောက်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယင်းအဆို နှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၄-၇-၂၀၁၉ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ပါတယ်။

## ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက မြန်မာနိုင်ငံ ဆေးပညာရပ်များ ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ

မူကြမ်း

ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာသန်းဝင်း(အတွင်းရေးမှူး၊ ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် ဥပဒေမူကြမ်းကို တင်သွင်းမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေမူကြမ်းသည် The Burma Medical Degrees Act (India Act VII, 1916) ကိုရုပ်သိမ်းရန် ရေးဆွဲပြုစုထားသော ဥပဒေကြမ်းအသစ်ဖြစ်သည့်အပြင် ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်နှင့် သင်တန်းကျောင်းများကို ဥပဒေအဖြစ် ပြဋ္ဌာန်းသတ်မှတ်နိုင်ရန်၊ အရည်အသွေးထိန်းသိမ်းနိုင်ရန်၊ နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားပညာရေးမူဝါဒ၊ ကျန်းမာရေးမူဝါဒများနှင့်အညီဖြစ်စေရန်နှင့် ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အလွဲသုံးအသုံးပြုခြင်းမှ ကာကွယ်နိုင်ရန်ရည်ရွယ်၍ ဤဥပဒေကြမ်းကို ရေးဆွဲပြုစုခဲ့ခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး အခြားသက်ဆိုင်သည့် ဌာနအဖွဲ့အစည်းများပူးပေါင်းပါဝင်၍ ၉-၂-၂၀၁၇ ရက်နေ့မှ ၁၈-၈-၂၀၁၇ ရက်နေ့အထိ (၁၄)ကြိမ်ညှိနှိုင်းဆွေးနွေးကာ ပြုစုရေးဆွဲထားသော မြန်မာနိုင်ငံဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အသေးစိတ်လေ့လာစိစစ်ပြီး ဆက်လက်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ကော်မတီဝင်များ ညှိနှိုင်းဆွေးနွေးကြပြီးနောက် ၂၈-၆-၂၀၁၇ ရက်နေ့၊ ၁၉-၁၀-၂၀၁၇ ရက်နေ့၊ ၇-၆-၂၀၁၈ ရက်နေ့နှင့် ၁၃-၅-၂၀၁၉ ရက်နေ့တို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်

ခဲ့ပြီး ဤဥပဒေမူကြမ်းကို ရေးဆွဲပြုစုခဲ့ခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် နည်းဥပဒေ ၁၈၅ အပိုဒ်ခွဲ(က)နှင့်အညီ မြန်မာနိုင်ငံဆေးပညာ ရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံဆေးပညာရပ်များ ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေမူကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ အား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင် တစ်ဦးဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော် သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉-၁၁၇

ရက်စွဲ ၊၂၀၁၉ ခုနှစ်၊ ဇူလိုင် လ ၁၅ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၃၁-၅-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၄၈)/ပထစ - ၂၀၁၉

ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက တင်သွင်းသော မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များ အပေါ်အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်နှင့် သင်တန်းကျောင်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်ရန်၊

မူကြမ်း

(ခ) ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များအပ်နှင်းပိုင်ခွင့်ရှိသည့် ဆေးပညာရပ်များဆိုင်ရာ တက္ကသိုလ်နှင့် သင်တန်းကျောင်းများ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်၊

(ဂ) နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားပညာရေး မူဝါဒ၊ ကျန်းမာရေး မူဝါဒများနှင့်အညီ ဖြစ်စေရန်၊

(ဃ) ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အလွဲအသုံးပြုခြင်းတို့မှ ကာကွယ်နိုင်ရန်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၀-၇-၂၀၁၉ ရက် ဗုဒ္ဓဟူးနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ကြပါတယ်။ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ဝ၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၉-၁၁၇

ရက်စွဲ ၊၂ ၀ ၁ ၉ ခု နှစ်၊ ဇူလိုင် လ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၃၁-၅-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၆/ ၁၂/ ၁၀ (၁၄၈)/ပထစ - ၂၀၁၉

၁။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက တင်သွင်းသော မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက် ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များအပေါ် အခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းပိုင်ခွင့်ရှိသည့် တက္ကသိုလ်နှင့် သင်တန်းကျောင်းများကို ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်နိုင်ရန်၊

(ခ) ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များအပ်နှင်းပိုင်ခွင့်ရှိသည့် ဆေးပညာရပ်များဆိုင်ရာ တက္ကသိုလ်နှင့် သင်တန်းကျောင်းများ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်၊

(ဂ) နိုင်ငံတော်က ချမှတ်ထားသော အမျိုးသားပညာရေး မူဝါဒ၊ ကျန်းမာရေး မူဝါဒများနှင့်အညီ ဖြစ်စေရန်၊

(ဃ) ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အလွဲအသုံးပြုခြင်းတို့မှ ကာကွယ်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၀-၇-၂၀၁၉ ရက် ဗုဒ္ဓဟူးနေ့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းတွင် အခန်း (၆) ခန်းနှင့် အပိုဒ်ပေါင်း ၁၇ ပိုဒ် ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးရှိ ဆေးပညာရပ်များဆိုသည့် စကားရပ်ကို ဆေးပညာရပ်ဟု ပြင်ဆင်၍ ယင်းဥပဒေကြမ်းရှိ ဆေးပညာရပ်များဆိုသည့် စကားရပ်ကို ဆေးပညာရပ်ဟု အသီးသီး ပြင်ဆင်ပါသည်။

(ဂ) အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ (က) ရှိ အခြေခံကျန်းမာရေးဆိုင်ရာ ပညာရပ်တို့ကို ဆိုသည်ဆိုသည့် စကားရပ်ကို အခြေခံကျန်းမာရေးဆိုင်ရာ ပညာရပ်များကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(ဃ) အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂ အပိုဒ်ခွဲ (ခ) ကို ပယ်ဖျက်ပါသည်။

မူကြမ်း

(င) အပိုဒ် ၂ အပိုဒ်ခွဲ (ခ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) လက်မှတ်ဆိုသည်မှာ ပုဒ်မ ၇ ပါ တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် သင်တန်းကျောင်းက အပ်နှင်းသော အသိအမှတ်ပြုလက်မှတ်ကို ဆို သည်။ ယင်းစကားရပ်တွင် စဉ်ဆက်မပြတ်ဆေးပညာ သင်ကြားရေး (Continuing Medical Education) နှင့် စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု (Continuing Professional Development) များအတွက် ပေးအပ်သည့် လက်မှတ်များ မပါဝင်။

(စ) အခန်း (၂) အပိုဒ် ၃ အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ) တို့ရှိ တက္ကသိုလ်နှင့် သင်တန်းကျောင်းများဆိုသည့် စကားရပ်များကို တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများဟု အသီးသီးပြင်ဆင်ပြီး အပိုဒ်ခွဲ (ဃ) ကို ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အသုံးပြုရာတွင် ဥပဒေနှင့်အညီ ဖြစ်စေရန်ဟု ပြင်ဆင်ပါသည်။

(ဆ) အခန်း (၃) ခေါင်းစဉ်ကို မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ကြီးကြပ်ရေး ကော်မတီ၊ လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များဟု ပြင်ဆင်ပါသည်။

(ဇ) အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၂) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) (၂)ဒုတိယဝန်ကြီး ဒု-ဥက္ကဋ္ဌ
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(၃) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ဈ) အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၆) ကို အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၇) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၇) ဥက္ကဋ္ဌ အဖွဲ့ဝင်

မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ

(ည) အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၈) ကို အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၈) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၉) ပါမောက္ခချုပ် တစ်ဦးစီ အဖွဲ့ဝင်

ဆေးတက္ကသိုလ်များ

(ဋ) အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁၀) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(က)(၁၀)ပါမောက္ခချုပ် အဖွဲ့ဝင်

တပ်မတော်ဆေးတက္ကသိုလ်

(ဌ) အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၉) (၁၀) (၁၁) နှင့် (၁၂) တို့ကို အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁၁) (၁၂) (၁၃) နှင့် (၁၄) တို့အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်-

(က)(၁၁)ပါမောက္ခချုပ် တစ်ဦးစီ အဖွဲ့ဝင်

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ

(၁၂)ပါမောက္ခချုပ် တစ်ဦးစီ အဖွဲ့ဝင်

ဆေးဝါးတက္ကသိုလ်များ

(၁၃)ပါမောက္ခချုပ် တစ်ဦးစီ အဖွဲ့ဝင်

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်များ

(၁၄)ပါမောက္ခချုပ် တစ်ဦးစီ အဖွဲ့ဝင်

သူနာပြုတက္ကသိုလ်များ

(ဍ) အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁၅) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(က)(၁၅)ပါမောက္ခချုပ် အဖွဲ့ဝင်

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်

(ဎ) (ဋ)အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁၃) နှင့် (၁၄) တို့ကို အပိုဒ် ၄ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁၆) နှင့် (၁၇) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၁၆)ပါမောက္ခချုပ် အဖွဲ့ဝင်

ပြည်သူ့ကျန်းမာရေးတက္ကသိုလ်

(၁၇)ပါမောက္ခချုပ် အဖွဲ့ဝင်

အခြေခံကျန်းမာရေးတက္ကသိုလ်

(ဏ) အပိုဒ် ၅ အပိုဒ်ခွဲ (က) (ခ) နှင့် (ဂ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ အပ်နှင်းခြင်းနှင့် စပ်လျဉ်းသည့် မူဝါဒများ ချမှတ်ခြင်း၊

(ခ) လုပ်ငန်းကော်မတီနှင့် လိုအပ်သော အဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီနှင့် အဖွဲ့များ၏ ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(တ) အပိုဒ် ၅ အပိုဒ်ခွဲ (င) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) သက်ဆိုင်ရာ ဆေးပညာရပ်အလိုက် ဖွင့်လှစ်ထားသော တက္ကသိုလ်၊ ကောလိပ် နှင့် သင်တန်းကျောင်းများမှ အပ်နှင်းသော ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ သတ်မှတ်မှုကို စိစစ်ခြင်း။

(ထ) အပိုဒ် ၆ အပိုဒ်ခွဲ (က) ခြေဆင်းရှိ အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့်ဆိုသည့် စကားရပ်ကို အောက်ပါအတိုင်းဟု ပြင်ဆင်ပါသည်။

(ဒ) အပိုဒ် ၆ အပိုဒ်ခွဲ (ခ) အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ခ) ကြီးကြပ်ရေးကော်မတီသည် ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဓ) အခန်း (၄) အပိုဒ် ၇ အပိုဒ်ခွဲ (ခ) ရှိ ကာကွယ်ရေး ဝန်ကြီးဌာနအောက်ရှိဆိုသည့် စကားရပ်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အောက်ရှိဟု ပြင်ဆင်ပါသည်။

(န) အခန်း (၅) အပိုဒ် ၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို မပြုရ-

(က) ပုဒ်မ ၇ ပါအပ်နှင်းပိုင်ခွင့်ရှိသော တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများမှအပ အခြားဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များကို အပ်နှင်းခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။

(ပ) အပိုဒ် ၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉။ မည်သူမျှ ပုဒ်မ ၇ ပါအပ်နှင်းပိုင်ခွင့်ရှိသော တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများက အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် လက်မှတ် မရရှိဘဲ အဆိုပါ ဆေးပညာရပ်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်အခေါ်အဝေါ် များကို မိမိအမည်နှင့်ယှဉ်တွဲ၍ သုံးစွဲဖော်ပြခြင်း မပြုရ။

(ဖ) အပိုဒ် ၁၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၁။ မည်သူမဆို ပုဒ်မ ၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး

တစ်နှစ်ထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ် ၂၅ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်လည်း ချမှတ်ရမည်။

(ဗ) အပိုဒ် ၁၂ ရှိ အနည်းဆုံး ၁ နှစ်မှအများဆုံး ၃ နှစ်ထိဆိုသည့် စကားရပ်ကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိဟု ပြင်ဆင်ပါသည်။

(ဘ) အခန်း (၆) အပိုဒ် ၁၆ အပိုဒ်ခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဤဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၅-၇-၂၀၁၉ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း နဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၂း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ (၂၃.၇.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Ohn Maung    U Saw Thalay Saw




U Khin Maung Cho    U Maung Myint




U Khin Maung Cho    U Thant Zin Tun




U Tin Myint    Dr Than Aung Soe




U Tin Myint    Dr Tun Linn Maw




U Tin Myint    U Pe Than

pyithu.hluttaw.mm



U Tin Myint



U Khin Zaw

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်